ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက် ၊ သောကြာနေ့ ၊ (20-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၂၀၄)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်အတွင်းရှိ အဂ္ဂါမိဝတိသာသနာ့ဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက

စာမျက်နှာ ၁၆ ကော်လံ ၁

ဆက်ကပ်လှူဒါန်း

ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇာနီသာမဏေကျော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇောဘာသထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရှမ်းပြည်နယ်အတွင်း ဆီဖူလုံမှုတိုးတက်လာစေရေး ဆီထွက်သီးနှံ ၄၅၃၅၅၉ ဧက စိုက်ပျိုးထားရာ ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်




တောင်ကြီး နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်အတွင်း စားသုံးဆီဖူလုံမှုတိုးတက်စေရေးအတွက် ၂၀၂၆- ၂၀၂၇ ခုနှစ်တွင် ဆီထွက်သီးနှံ ၄၅၃၅၅၉ ဧက စိုက်ပျိုးထားရာ ၁၆၁၃၈ ဧက တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရှမ်းပြည်နယ်မှာ ဆီစားသုံးမှုဖူလုံဖို့အတွက် ၂၀၂၅-၂၀၂၆ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၁၀၇ ဒသမ ၃၉ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ၅၃ ဒသမ ၁၅ ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ၃၇ ဒသမ ၂၀ ရာခိုင်နှုန်း ထွက်ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးခြုံပြီးကြည့်မယ်ဆိုရင် ဆီဖူလုံမှုရာခိုင်နှုန်း ၇၁ ဒသမ ၅၇ ရာခိုင်နှုန်းပဲရှိသေးတဲ့အတွက်

စာမျက်နှာ ၁၉ ကော်လံ ၁

ပန်းနှမ်း စိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။



နိုဝင်ဘာ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အက်ဗန်"(AKVAN) လမ်းကြောင်းပြမြေပုံ။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အရှိန်ကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၉

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း(Severe Cyclonic Storm)"အက်ဗန်"သည် မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၄၇၀ ခန့်၊

စာမျက်နှာ ၁၉ ကော်လံ ၄

ရတနာပုံ ယနေ့ဖတ်စရာ

မလေးရှားနိုင်ငံ တီရန်ဒတ်စက်ပစ္စည်းထက်ဝယ် တောက်ပခဲ့သည့် မြန်မာ့တပ်မတော်၏ဂုဏ်ရောင် ဆောင်းပါး စာမျက်နှာ - ၂၀

နေပြည်တော် သားဖွားမီးယပ်ရောဂါအထူးကု ဆေးရုံကြီး၌ လေးမြွာပူးမွေးဖွားသော မိခင်ကို ထောက်ပံ့ငွေပေးအပ် စာမျက်နှာ - ၃

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

နိုင်ငံတော်ကိုတည်ဆောက်ရာတွင် ပညာရေးသည် မရှိမဖြစ်လိုအပ်သည့် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပြီး ပိုမိုကောင်းမွန်ခိုင်မာသည့်လူနေမှုစနစ်ကို ပညာရေးဖြင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်အနေဖြင့် ပညာရေးကိုအားပေးနေခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ ပညာရေးကဏ္ဍကိုမြှင့်တင်ရန် KG မှ Grade 12 အထိ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့်ပြီးမြောက်သည်အထိ တက်ရောက်ရေးသည် နိုင်ငံတော်၏ မူဝါဒပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် သဘောထားပြီး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ အခြေခံပညာရေးမှ အဆင့်မြင့်ပညာရေးထိ ပညာသင်ယူခွင့်များ ပိုမိုရရှိစေရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေး၊ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာရေး တိုးချဲ့ဖော်ဆောင်ရေး၊ သင်ကြားရေးနှင့် လုပ်ငန်းခွင်လိုအပ်ချက်များကိုက်ညီစေရေး၊ ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာငွေများကိုလည်း တိုးမြှင့်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘတ်ဂျက်၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်းကို ခွဲဝေ သုံးစွဲသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများ၏ ပညာရေးဆိုင်ရာအသုံးစရိတ်များကိုပါ ထည့်တွက်မည်ဆိုပါက ပညာရေးကဏ္ဍတစ်ခုလုံးအတွက် ၉ ဒသမ ၂၂ ရာခိုင်နှုန်းထိ သုံးစွဲသွားရန် ဆောင်ရွက်ထားသည်။ ထို့ပြင် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် ဘတ်ဂျက်ခွဲဝေမှုကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းထိတိုးမြှင့်ရန်၊ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် ပညာရေးကဏ္ဍ တစ်ခုလုံးအတွက် ၁၅ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲရန်နှင့် လက်ရှိအစိုးရ၏ ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းထိ ရောက်ရှိစေရန် ရည်မှန်းထားပေသည်။

ပညာရေးကဏ္ဍတွင် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍသည် ရှေ့ဆောင်လမ်းပြဖြစ်သည်။ ဆရာ၊ ဆရာမများသည် ပညာပေးဝေနေသူများဖြစ်သကဲ့သို့ ပညာရှာမှီးနေကြသူများလည်းဖြစ်သည်။ တပည့်များ၏အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို သွန်သင်ပြသပေးနိုင်သူများဖြစ်ရပေမည်။ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများကသာ အရည်အချင်း၊ အရည်အသွေးပြည့်ဝသည့်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများသည်လည်း နောင်တစ်ခေတ်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ကြမည့်သူများဖြစ်သောကြောင့် ငယ်ရွယ်စဉ်ကတည်းကပင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိနေကြရပေမည်။

သို့ဖြစ်ရာ လူငယ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ အဓိကစွမ်းအားစုအဖြစ် ပါဝင်ကြရမည်ဖြစ်၍ လူငယ်တိုင်း ဗလငါးတန်နှင့်ပြည့်စုံသောသူများဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ပေးလျက်ရှိသကဲ့သို့ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်အတိုင်း ဆရာ၊ ဆရာမများအနေဖြင့် တပည့်ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်စည်းကမ်းပြည့်ဝသော ပညာတတ်များဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၃၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၄၃၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၀၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၃၀၇ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်းသိရသည်။

ကုလားပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားကဏန်း ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဒေးဒရဲ နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကျားကဏန်း ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလက ကျားကဏန်း ပိသာချိန် ၃၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလတစ်လအတွင်း ကျားကဏန်း ပိသာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကျားကဏန်းပိသာချိန် ၄၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျားကဏန်းတွေကလတ်ဆတ်ပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ ကျားကဏန်းတွေကိုရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုလဲ တင်ပို့ရောင်းချနေပါတယ်" ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကျားကဏန်းအသေး တစ်ပိသာလျှင် ငွေကျပ် ၂၅၀၀၊ အလတ်တစ်ပိသာလျှင် ငွေကျပ် ၃၂၀၀၀၊ အကြီးတစ်ပိသာလျှင် ငွေကျပ် ၃၅၀၀၀ မှ ၃၈၅၀၀ ထိ အရွယ်အစားအပေါ်မူတည်ကာ ဈေးနှုန်းအပြောင်းအလဲ ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ဝမ်းတွင်းမြို့နယ် ရေအောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရေအောင့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၈ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၁၁၀၉-၄၅၈၉၃၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

နေပြည်တော်သားဗွားမီးယပ်ရောဂါအထူးကုဆေးရုံကြီး၌ လေးမြွာပူးမွေးဗွားသောမိခင်ကို ထောက်ပံ့ငွေပေးအပ်



နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး၌ လေးမြွာပူးကလေး (မိန်းကလေး လေးဦး)မွေးဖွားခဲ့သော မိခင်နှင့် မိသားစုကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ ကိုကိုလွင်သည် ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်နှင့် အတူ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေကျပ် ၁၀သိန်းပေးအပ်သည်။

အဆိုပါ လေးမြွာပူးကလေးများကို ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရအုပ်စု အင်ဒိုင်းကျေးရွာနေ ဦးနေလင်းအောင်၏ ဇနီး ဒေါ်ဝိုင်းက အောက်တိုဘာ ၂၀ တွင် နေပြည်တော်သားဗွားမီးယပ်ရောဂါအထူးကု ဆေးရုံကြီး၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သုံးမြွာပူးနှင့် အထက် မွေးဖွားသော မိခင်နှင့် ကလေးများ၏ အာဟာရဖြည့်စွက်ကျွေးမွေးနိုင်ရေးအတွက် ထောက်ပံ့ကြေးများကို နှစ်စဉ်ပေးအပ်လျက်ရှိပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နိုဝင်ဘာလထိ သုံးမြွာပူးနှင့်အထက် မွေးဖွားသော မိခင် ၁၀ ဦးကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စဉ် ပြည်ထောင်စု ဝန်ကြီးသည် မွေးကင်းစကလေးဆောင်၌ကလေးများ ပြုစုစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုပြီး ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများကို ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၅၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားတော်ပဲ ၇၃၄၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စားတော်ပဲ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စားတော်ပဲအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် စားတော်ပဲ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စားတော်ပဲ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ပိုးမွှားကင်းရှင်းရေးတို့အတွက် အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ညောင်ဦး နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းနန်သူကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မင်းနန်သူကျေးရွာ၌ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်ကြသူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းနှင့်သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မင်းနန်သူကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် RBF စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မင်းနန်သူကျေးရွာရှိ ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် အစုအဖွဲ့တစ်ဖွဲ့မှ အသင်းသား၊ အသင်းသူ ငါးဦးကို RBF စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

မလှိုင်မြို့နယ် ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် နိုဝင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျင်းသာ(ရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကျင်းသာ(ရှေ့)ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို ရန်ပုံငွေကျပ် ၆၃ ဒသမ ၇သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး နိုဝင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေကြော်ပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ငါးတန်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးတန်ပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသရှိ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးတန်အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ငါးတန်ပိသာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်စျေးကွက်ကိုပဲ တင်ပို့ရောင်းချလျက်ရှိပါတယ်။ ရန်ကုန်ဘက်က ပြီးခဲ့တဲ့တစ်လအတွင်းမှာရော အခုလက်ရှိမှာပါ ရေထွက်ကုန်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းစျေးကွက်မှာလဲ အရောင်းအဝယ်သွက်နေပါတယ်။ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိသာလျှင် ငွေကျပ် ၁၈၅၀၀၀ မှ ၂၁၀၀၀၀ ထိ အရွယ်အစားပေါ်မူတည်၍ စျေးနှုန်းအပြောင်းအလဲရှိကြောင်း၊ အဆိုပါ ငါးတန်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



လှုကထိန်သင်္ကန်းနဲ့ မဂ်လမ်းကိုရည်မှော် သာမညဖလအခါတော်နေ့

မောင်ငြိမ်းသူ(ကြိုပင်ကောက်)

"မိုးဝသန်ချိန်ဆုံးလို့ တန်ဆောင်မုန်းဗြိဿာ၊
ဖဝါးနှစ်စွန်းခါဝယ် ကြတ္တိကာကြယ်မင်း
ခဝဲပွင့်မာလာငယ် သည်ချိန်ခါမွေးဃို့ထုံသင်း။
မြတ်ကထိန်ခါ သမယကိုလ များဒါနပြုကြမြဲသာ
သံသရာနောင်အရေးကိုလ
ထောက်တွေးကြံဆင်ခြင်
ကင်းလွတ်ကြောင်းအင် မြတ်ပုညကောင်းခွင်မှာ
နှစ်အစဉ်ပွဲပေရှင့်လေး"

(ဦးပုညဖွဲ့-တေးထပ်)

ရှေးဟောင်းပေါရာဏပေမူ ပုရိုက်များလာ မြန်မာမှုများတွင် "တန်ဆောင်မုန်းလ"ကို "တန်ဆောင်မှုန်"ဟု ခေါ်ဆိုရေးမှတ်ခဲ့ပြီး ပုဂံခေတ် ကျောက်စာများတွင် "တန်ဆောင်မှုန်"မှ "တန်ဆောင်မှုန်း" "တန်းဆောင်မှုန်း"ဟု အဆင့်ဆင့် ပြောင်းလဲခေါ်ဆို သတ်မှတ်ခဲ့ကြသည်။ အင်းဝခေတ်ရောက်မှ "တန်ဆောင်မုန်း" ဟု ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။

"တန်ဆောင်" သည် "မီးရှူးမီးတိုင်(ဆီမီး)"ဖြစ်၍ "မှုန်း" "မုန်း"သည် "တောက်ပထွန်းလင်းခြင်း"ဟု အနက်အဓိပ္ပာယ်ရသည်။ ထို့ပြင် တန်ဆောင်မုန်းလကိုပင် "တန်=အလင်းရောင်။ ဆောင်= သယ်ပိုးခြင်း၊ သယ်ဆောင်ခြင်း။ မှုန်း/မုန်း= ထွန်းလင်းတောက်ပခြင်း။ မီးရှူးမီးတိုင်ဖြင့် အလင်းရောင် သယ်ဆောင်ကာ ထွန်းလင်းတောက်ပစေသောလ၊ ဆီမီးတန်ဆောင် ထွန်းပြောင်စေသောလဟု သတ်မှတ်ခဲ့ကြသည်။

တန်ဆောင်မုန်းလ၏ ပထမလဆန်းတစ်ဝက်မှာ မိုးရာသီထဲတွင်ပါဝင်ပြီး ဒုတိယလဆုတ်တစ်ဝက်မှာ ဆောင်းရာသီထဲတွင် ပါဝင်သည်။ မိုးအကုန် ဆောင်းအကူးမို့ "တန်ဆောင်မုန်းတွင်း ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်"ဟု စာဆိုရှိခဲ့သည်။ လယ်ယာမြေတွင် စပါးကောက်ပင်တို့ ဝတ်ဆံထွက်ချိန်မို့ "ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း" "တောင်သူရွှင်ပြိုး တန်ဆောင်မုန်း"ဟု လယ်ယာဆိုထုံးများရှိခဲ့ကြသည်။

ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်၏ ရာသီအမည်က "ဗြိဿာ"၊ စန်းပြည့်နက္ခတ်က "ကြတ္တိကာ" ယှဉ်တာရာက "ကျီးတာရာ" ရာသီရုပ်က "ကင်းမြီးကောက်"၊ ရာသီပန်းက "ခဝဲပန်း"၊ ရာသီပွဲက "ကထိန်ပွဲ(တန်ဆောင်တိုင်)၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က "မဲဇလီပင်"၊ ရက်ရာဇာက "တနင်္ဂနွေ၊ ဗုဒ္ဓဟူး" ပြဿဒါးက "အင်္ဂါ၊ ရာဟု" စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ရတုသာစွ ကထိန်လ၊ တန်ဆောင်မုန်းလကို "မာသာနံ သရဒေါသေဌော" မာသာနံ=လပေါင်းတစ်ဆယ့်နှစ်လတို့တွင်။ သရဒေါ= ဆီးနှင်းမြူတိမ်ကင်းစင်သော တန်ဆောင်မုန်းလသည်။ သေဌော= ကြည်လင်ရွှင်ပြိုး၊ နှလုံးမွေ့လျော်ဆုံး လထူးလမြတ်ဖြစ်သည်ဟု "အရှင်သာရိပုတ္တရာ၏ အပဒါန်ကျမ်း" တွင် ဖော်ညွှန်းထားသည်။ "ရတုကာလံ=ရတုကာလတို့တွင် သရဒံ= တန်ဆောင်မုန်းလသည်။ ပဓာနံ= မြတ်၏ဟုလည်း လောကနီတိတွင် ဆိုထားသည်။

တန်ဆောင်မုန်းလ၏ မြတ်သောထူးခြားမှုမှာ ကထိန်ပွဲ၊ မီးထွန်းပွဲနှင့် သာမညဖလအခါတော်နေ့ပင်ဖြစ်သည်။

ကထိန်ပွဲ

တန်ဆောင်တိုင်၏ အဓိကဘာသာရေးပွဲတော်မှာ ကထိန်ပွဲပင်ဖြစ်သည်။ ကထိန်ဟူသည်မှာ ကထိနဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး မြဲမြံခိုင်ခံခြင်းဟု အဓိပ္ပာယ်ရသည်။ မြဲမြံခိုင်ခံခြင်း အကျိုးတရားငါးပါးကို ရရှိနိုင်သောကြောင့် ကထိန်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

"သင်္ကန်းလှူရာ၊ ကျိုးရှစ်ဝ"ဟု သတ်မှတ်ထားရာ "ရွှေသို့အဆင်း၊ မြူကြေးကင်း၍ ရောင်ဝင်းစုံဝ၊ ထွန်းလင်းပဇ၏။ မကသိန်းဖိုး၊ ပုဆိုးရလေ၊ ညှိရွှေဖြူနီ၊ ဤရှစ်လီသည်၊ ကျမ်းညီသင်္ကန်းလှူကျိုးတည်း" ဟူ၍ဖြစ်သည်။ ထိုသို့ ရိုးရိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းထက် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လအတွင်း တစ်ကျောင်းတွင် တစ်ကြိမ်သာလျှင် လှူဒါန်းခွင့်ရရှိသည့် ကထိန်သင်္ကန်းလှူဒါန်းရခြင်းက ပိုမိုး၍ ထူးခြားသော ကောင်းကျိုးငါးမျိုး (တစ်နည်းအားဖြင့်) ကထိန်သင်္ကန်း၏ အကျိုးငါးပါးကို ရရှိနိုင်သည်။

> **❖ တန်ဆောင်မုန်းလ၏ မြတ်သောထူးခြားမှုမှာ ကထိန်ပွဲ၊ မီးထွန်းပွဲနှင့် သာမညဖလအခါတော်နေ့ပင်ဖြစ်သည်။ တန်ဆောင်တိုင်၏အဓိကဘာသာရေးပွဲတော်မှာ "ကထိန်ပွဲ"ပင်ဖြစ်သည်။ ကထိန်ဟူသည်မှာ ကထိနဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာပြီး မြဲမြံခိုင်ခံခြင်းဟု အဓိပ္ပာယ်ရသည်။ မြဲမြံခိုင်ခံခြင်း အကျိုးတရားငါးပါးကို ရရှိနိုင်သောကြောင့် ကထိန်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ❖**

ကထိန်သင်္ကန်းကပ်လှူခြင်းသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝါကျွတ်ချိန်တွင် ဘဒ္ဒဝဂ္ဂိရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားကို ဖူးမြော်ပူဇော်ကြရန်အတွက် ပါဝေယျမြို့မှ ကြွလာတော်မူခဲ့ကြရာ မိုးသည်းထန်စွာရွာသွန်းမှုဒဏ်ကြောင့် ရဟန်းတော်များကို မိုးရေများ စိုရွှဲကုန်ကြသည်။ မိုးရေစိုရွှဲနေသော သင်္ကန်းများနှင့်ပင် ဘုရားရှင်ကို ဖူးမြော်ပူဇော်ခဲ့ကြရာ မြတ်ဗုဒ္ဓက ထိုရဟန်းများကို အကြောင်းပြုပြီး ပုရိမဝါကပ်ခြင်းနှင့် ပြည့်စုံသောရဟန်းတော်တို့အား ကထိန်ခင်း၍ သင်္ကန်းသုံးစွဲခွင့်ကို ပညတ်ပေးတော်မူခဲ့သည်။ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးသော ရဟန်းသံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူခွင့်နှင့် သုံးစွဲခွင့် ပြုခဲ့ခြင်းပင်ဖြစ်သည်။

"ပဒုမမြတ်စွာဘုရားနှင့် ပဒုမုတ္တရမြတ်စွာဘုရားရှင်"တို့၏ လက်ထက်ကတည်းက ကထိန်သင်္ကန်းကို "အေးကထိန်"ဟု ခေါ်သည်။

"ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး"ဟု မြတ်ဗုဒ္ဓခွင့်ပြုတော်မူထားသော သင်္ကန်း သုံးမျိုးမှာ (၁) ဒုကူဋ္ဌခေါ် နှစ်ထပ်သင်္ကန်းကြီး (၂)ဧကသီခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် (၃)သင်းပိုင်ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ရာ ထိုသင်္ကန်းသုံးမျိုးစလုံး ဝိနည်းနှင့် ညီကြရသည်။

ကထိန်သင်္ကန်းကပ်လှူကြရာတွင် မသိုးသင်္ကန်းလည်း ပါဝင်သည်။ "ညတွင်းချင်းအပြီး ရက်လုပ်လှူဒါန်းသောကထိန်လျာသင်္ကန်းကို မသိုးသင်္ကန်း" ဟုခေါ်သည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့(အဖိတ်နေ့)ညမှစ၍ တစ်ညလုံးပြီးစီးသည်ထိ အသင်းလိုက်၊ အစုအဖွဲ့လိုက်၊ ကုသိုလ်ဇောဖြင့် အပြိုင်အဆိုင်ရက်လုပ်ခဲ့ကြပြီး လပြည့်နေ့အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်းကပ်လှူပွဲကို ကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲများကို ရန်ကုန်မြို့မှ တန်ခိုးကြီးရွှေတိဂုံစေတီတော်ကြီးနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စေတီဘုရားအနှံ့အပြားတွင် ကျင်းပခဲ့ကြကာ ကထိန်သင်္ကန်းများအဖြစ် ဆက်ကပ်လှူဒါန်းနေကြသည်။

မီးထွန်းပွဲ

တန်ဆောင်မုန်းလတွင် မိုးရာသီ၏နိဂုံးအဆုံးလဝက် ၁၅ ရက်ပါဝင်ပြီး ဆောင်းရာသီ၏ နိဒါန်းအစ လဝက် ၁၅ ရက် ပါဝင်သည်။ ထို့ကြောင့် "စာဆိုဦးပုည"က "မိုးဝသန်ချိန်ဆုံးလို့၊ တန်ဆောင်မုန်းဗြိဿာ၊ ဖဝါးနှစ်စွန်းခါဝယ်၊ ကြတ္တိကာကြယ်မင်း၊ ခဝဲပွင့် မာလာငယ်၊ သည်ချိန်ခါမွေးထုံပျံသင်း"ဟု ဖွဲ့ဆိုခဲ့သည်။ ဆိုလိုတာက ထိုလတွင် မိုးလေကင်းစင်သောကြောင့် ဆီမီးများထွန်းညှိ၍ မြတ်ဗုဒ္ဓအား ပူဇော်ခဲ့ကြရာမှ "ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်"ဟူ၍ စွဲမှတ်ခဲ့ကြသောကြောင့်ဖြစ်သည်။

"ကဏ္ဍာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်"တွင် "သည်အချိန်ကာလ၊ သူရိယနေမင်းကြီးဝင်ခဲ့သော် စန္ဒာလမင်းသည် ထွန်းလင်းတောက်ပစွာ ထွက်ပေါ်လာတတ်သည်။ ဤကာလတွင် မိမိ၏တိုင်းပြည်ကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်လျက် ခပ်သိမ်းသော အရပ်တို့၌ ဆီမီးများကို ထွန်းညှိကြကာ၊ အရိပ္ပ ပြည့်ရှင် ဘုရားလောင်း သိဝိမင်းကြီးသည် ကြတ္တိကာနက္ခတ် ပွဲသဘင်ခံတော်မူ၍ ဆီမီးထွန်းညှိကြသည်" ဟု ဖော်ပြထားရာ မီးထွန်းပွဲတော်သည် မြတ်ဗုဒ္ဓလက်ထက်မတိုင်မီကတည်းက ကျင်းပနေခဲ့ကြောင်း အခိုင်အမာသက်သေခံနေသည်။

တန်ဆောင်မုန်းလ ဗြိဿာရာသီ၏ နက္ခတ်မှာ ကင်းမြီးကောက်ဖြစ်သည်။ ဒဟနီဆိုသော မီးနတ်က စောင့်ကြပ်နေသည့် ကြတ္တိကာနက္ခတ်နှင့်ယှဉ်၍ လပြည့်သည်ဟု အဆိုရှိခဲ့သည်။ ဒဟနီမီးနတ်ကို မီးထွန်းပူဇော်ကြရာမှ တန်ဆောင်တိုင်မီးထွန်းပွဲတော်ပေါ်ပေါက်ခဲ့သည်ဟု ပြောစမှတ်ပြုခဲ့ကြသည်။

မီးထွန်းပွဲတော်နှင့်ဆက်စပ်၍ မီးပုံးပျံပွဲများ၊ အခြားအထိမ်းအမှတ်ပွဲများ (ဥပမာ) ဇာတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် ဦးဘဂျမ်းကာတွန်းပြိုင်ပွဲများ ဖြစ်ကြသည်။

သာမညဖလအခါတော်နေ့

ဆီမီးမြိုင်မြိုင် လတန်ဆောင်တိုင်ကို များသောအားဖြင့် ကထိန်ပွဲများနှင့် မီးထွန်းပွဲများကျင်းပကြသည့်လဟုသာ အသိများစိတ်ဝင်စားကြသည်။ သာမညဖလအခါတော်နေ့ ပူဇော်ပွဲကိုကား အသိနည်းခဲ့ကြသည်။ တကယ်တော့ ကျေးဇူးရှင်ဖခင်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓနှင့် သံဃာတော်များကို ဖူးမြော်တွေ့ဆုံပြီး အမှားကိုမြင်အမှန်ပြင်ကာ ကျွတ်တန်းဝင်ခဲ့သည့် နေ့ထူးနေ့မြတ်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ဒေဝဒတ်နှင့်ပေါင်းပြီး ဖခင်ကိုသတ် မင်းလုပ်အုပ်ချုပ်နေရသော်လည်း အကုသိုလ်ကံ၏ ရိုက်ခတ်မှုဒဏ်ကြောင့် စားမဝင် အိပ်မပျော်ဘဲ တုန်လှုပ်ချောက်ချားနေခဲ့သည်။ တစ်နေ့သော တန်ဆောင်မုန်းလပြည့်နေ့ညတွင် ထိုဝေဒနာဆိုးများပျောက်ကင်းစေရေးအတွက် အဘယ်မည်သောရဟန်းသံဃာ၊ ဗြဟ္မဏတို့ထံချဉ်းကပ်ရပါမည်နည်းဟု မိစ္ဆာဒိဋ္ဌိဆရာကြီးခြောက်ဦးကို မေးမြန်းခဲ့ရာ လိုလားသောအဖြေကိုမရခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် ဆရာဇီဝက၏အကြံပြုလျှောက်တင်ချက်အရ ဇီဝက၏သရက်ဥယျာဉ်တွင် ရဟန်းသံဃာတစ်ထောင့်နှစ်ရာငါးကျိပ်နှင့် သီတင်းသုံးနေတော်မူသော မြတ်ဗုဒ္ဓထံမှောက်သို့ ရောက်ရှိဖူးမြော်တွေ့ဆုံမေးမြန်းလျှောက်တင်ခဲ့ရာ ဘုရားရှင်က ရဟန်းဖြစ်ရခြင်းအကျိုး အဆင့်ဆင့်ပါသော "သာမညဖလသုတ်တော်"ကို သာဓကဥပမာများဆောင်ပြီး အဇာတသတ်မင်း နားလည်လက်ခံလာအောင် ဟောကြားတော်မူခဲ့သည်။

ထိုအခါ အဇာတသတ်မင်းသည် မြတ်ဗုဒ္ဓကို အလွန်ပင်ကြည်ညိုသွားကာ ရတနာသုံးပါးကို အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပသကာအဖြစ်သတ်မှတ်ပေးပါရန်နှင့် အဖကိုသတ်ခဲ့မိသောအပြစ်ရှိသည့် သား၊ ထိုအပြစ်ကို နောင်အခါစောင့်စည်းခြင်းငှာအပြစ်ဟု လက်ခံပေးတော်မူပါရန် လျှောက်ထားခဲ့ရာမြတ်ဗုဒ္ဓက လက်ခံတော်မူခဲ့သည်။ ဆရာ အတင်မှားပြီး ဖခင်ကိုသတ်ခဲ့သည့် အယူလွဲကံကြီးထိုက်နေသူကို အမြင်မှန်ရအောင် စွမ်းဆောင်လမ်းပြနိုင်သော သာမညဖလသုတ်တော်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်ကို ကြည်ညိုမြတ်နိုး၊ တန်ဖိုးထားပူဇော်သောအားဖြင့် "သာမညဖလအခါတော်နေ့" အဖြစ် နှစ်စဉ်ပူဇော်ပွဲ ကျင်းပနေခဲ့ကြသည်။ တန်ဆောင်မုန်းလတွင် ကထိန်ပွဲ၊ မီးထွန်းပွဲနှင့် သာမညဖလအခါတော်နေ့အခမ်းအနား၊ ပွဲလမ်းသဘင်များသာမက နိဗ္ဗာန်ဈေးပွဲတော်၊ ပုံသကူအလှူဒါနပွဲ၊ ဆေးပါင်းခသည့်ညနှင့် ကျီးမနိုးပွဲဟူ၍ လည်း ရှိပါသေးသည်။

စာမျက်နှာ ၅ သို့ ခ

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့။

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၄-၁၂-၂၀၂၆)

၂၀၂၆ ခုနှစ်၊ ၁၀၆ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး။

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထား စောင့်ရှောက်ဖြင့်တင်ရေး။

★ နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။

★ လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်စေရေး။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၅၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၀၈၆ ဧကာ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဆီထွက်သီးနှံ မြေပဲ၃၀၈၆ ဧကာ စိုက်ပျိုးဖို့ အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၅၅၅ ဧကာ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကာ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းတွေကလဲ တောင်သူတွေအနေနဲ့ မြေပဲတွေ စိုက်ပျိုးရာမှာ အထွက်နှုန်း တိုးတက်စေဖို့အတွက် စိုက်ပျိုးရေး ဆိုင်ရာ အသိပညာပေးလုပ်ငန်း တွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

မြေပဲကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်း မွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မြန်မာဘဝ ဒုလ္လဘ

- တမက်မက်လျှင်
နှစ်သက်စွဲငြိ ရသာရှိသော
ငါးပိချိုမြ စားခွင့်ရ၍။

- ဖွဲ့နည်းပြည့်စုံ ရသထုံလျက်
ဂုဏ်အလင်္ကာ သံစဉ်ဖြာသည့်
ကဗျာလှလှ ချစ်ခွင့်ရ၍။

- ပျူနှင့်ပုဂံ မူမြင့်မှန်သည့်
ထင်ကျန်သမိုင်း ဂုဏ်အလှိုင်းကို
မရိုင်းတိကျ မွေခံရ၍။

- ဆရာမိဘ ဂါရဝနှင့်
နှိမ့်ချကြည်ဖြူ ကြီးမြတ်သူဟု
ရွှေဘူလေးစား ငယ်သနားသည့်
လူသားပီသ ဖြစ်ခွင့်ရ၍။

- အကြောင်းကြောင့်ပင် အကျိုးထင်ဟု
သိမြင်တွေးကြံ ယုတ္တိတန်သည့်
စစ်မှန်သစ္စာ မြတ်ခမ္မာကို
ကြားနာဦးချ ကိုးကွယ်ရ၍။

- ဒုလ္လဘဟု
ကြုံရသက်တာ ဤလူ့ရွာဝယ်
မြန်မာပီပီ ဖြစ်ရသည်ကြောင့်
ကြည်လင်အသိ ဂွမ်းဆီထိသို့
ပီတိကြာမုံ ပွင့်လှပ်ထုံသည်
အာရုံစိတ်လှိုင်း တွေးမိတိုင်း။ ။

ချစ်စုအောင်

မကွေးမြို့နယ် ဝါဂွမ်းကျေးရွာ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မကွေး နိုဝင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါဂွမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ဝါဂွမ်းကျေးရွာ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များဆွေးနွေးမှာကြားခဲ့သည်။

ဝါဂွမ်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပုံပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၃ သန်း၊ စုစုပေါင်းငွေကျပ် ၄၈ သန်းဖြင့် ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၂၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းသိရသည်။ **အထွေး**

➤ **စာမျက်နှာ ၄ မှအဆက်**

တန်ဆောင်မုန်းလပြည့်နေ့ညှ၏ ထူးမြတ်မင်္ဂလာခုနစ်ရပ်

ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အစဉ်အလာ မင်္ဂလာခုနစ်ရပ်ကို တန်ဆောင်မုန်းလပြည့်နေ့ညတွင် အထိမ်းအမှတ်အခါတော်သမယနေ့အဖြစ် ကျင်းပခဲ့ကြရာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

၁။ သီတင်းကျွတ်လပြည့်နေ့မှ လပြည့်နေ့ထိ ကထိန်သင်္ကန်းကပ်လှူကြခြင်း။

၂။ ဤလပြည့်ညဉ့် တန်ဆောင်တိုင်ဆီမီးများ ထွန်းညှိပူဇော်ကြခြင်း။

၃။ မိထွေးတော် "မဟာပဇာပတိဂေါတမီ"၏ သင်္ကန်းရက်လုပ်လှူဒါန်းပုံကို စံပြအတုယူပြီး ဤလပြည့်ညတွင် မြတ်စွာဘုရားအား မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်း၊ ပံ့သကူသင်္ကန်းလှူဒါန်းခြင်း။

၄။ ဤလပြည့်ညတွင် ကြယ်၊ နက္ခတ်၊ တာရာများအစုံအလင်ဆုံးဖြစ်၍ ရှေးအဘိုးအဘွားများက ထိုလပြည့်ညအခါမှာပင် ထက်ဝေဟင်ထွေလာဝေဆာပုံကို လေ့လာစေ့ငုမှတ်တမ်းပြုကြကာ သီးနှံပျိုးချိန်၊ စိုက်ချိန်၊ သီးပွင့်ချိန်နှင့် ရိတ်သိမ်းချိန်များကို ကြယ်၊ နက္ခတ်၊ တာရာများနှင့် လျော်ညီစွာ ချိန်ဆနိုင်အောင် သိမှတ်ဖွယ်ရာများကို ထားရစ်ခဲ့ကြခြင်း။

၅။ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်သော ဤလပြည့်ညတွင် ဆေးပင်အပေါင်းကို စောင့်ကြသောနတ်တို့သည် မဲဇလီပင်စောင့်နတ်မင်းအား လာရောက်ခစားကြရသဖြင့် မဲဇလီပင်၏အဖူး၊ အညွှန့်နှင့် အရွက်တို့ကိုပြုတ်၍ သုပ်ပြီးစားသုံးကြပါက ဓဖ ပါး ဝေဒနာပျောက်ကင်း၊ အသက်ရှည်စေခြင်း၊ ထို့ကြောင့် ဤလပြည့်ညကို "ဆေးပေါင်းခသည့်ည" ဟု သတ်မှတ်ထားကြခြင်း။

၆။ အရိပ္ပဲပြည့်ရှင် ဘုရားလောင်းသိဝိဘုရင်ကြီးသည် စစ်သူကြီးအဘိပါရက၏ ကြင်ယာဇနီး၊ အလှဒေဝီ ဥမ္မာဒန္တီအား တွေ့မြင်ပြီး မနောအကုသိုလ်ကံကို ကျူးလွန်မိသဖြင့် သတိသံဝေဂနောင်တကြီးစွာရကာ ဤလပြည့်ညတွင် တောထွက်တော်မူခဲ့ခြင်း။

၇။ ဒေဝဒတ်နှင့်အပေါင်းမှားပြီး ဖခင်ကိုသတ်ခဲ့မိသော အဇာတသတ်မင်းသည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဆရာဇီဝက၏ သရက်ဥယျာဉ်သို့ရောက်ရှိခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာမညဖလသုတ်တော်ကိုနာယူခဲ့ရာ အမှန်ကိုပြင် နောင်တရသွားကာ ဗုဒ္ဓဘာသာဝင်အဖြစ် သရဏဂုံတည်ခဲ့သည့်အပြင် ပထမသင်္ဂါယနာတင် ဘုရင်အဖြစ် ဗုဒ္ဓတရားတော်များကို ထိန်းသိမ်းလာခဲ့သောကြောင့် သာမညဖလသုတ်တော်၏ ဂုဏ်ကျေးဇူးကို ထာဝရပူဇော်သည့်အနေဖြင့် "သာမညဖလအခါတော်နေ့" ဟု သတ်မှတ်ပူဇော်နေကြခြင်း။

ထို့ကြောင့် ရှေးပညာရှိ ကဝိအဆူဆူ စာပေဝိဒူအဆက်ဆက်တို့သည် ဓမ္မကုသိုလ်အထိုထို၏ အကြောင်းများနှင့် မမေ့ပျောက်ကောင်းသည့် သာသနာမှသာသနာ့ဝန်ထမ်းတို့၏ သာသနာ့အမွေအနှစ်များကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မြင့်တင်သွားကြရန်ရည်သန်ပြီး ရေးသားလိုက်ရပါသည်။

ကိုးကား

- **ဝိသုဒ္ဓိက (ပဲခူး)၏ မြန်မာ့ဆယ့်နှစ်လရာသီဘွဲ့။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍။**

ရုရှားသမ္မတ ပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့ တွေ့ဆုံဆွေးနွေး





ရန်ကျန်း နိုဝင်ဘာ ၁၉

ရုရှားသမ္မတ ပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့သည် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးညီလာခံ ကာလအတွင်း တွေ့ဆုံ ဆွေးနွေးခဲ့ကြကြောင်း ဂျပန်အစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ဂျပန်ဝန်ကြီးချုပ် တာကာအိချီက ရုရှားနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်း ခံထားရသည့် ဂျပန်နိုင်ငံသားတစ်ဦး ကိစ္စနှင့် ဂျပန်ကုမ္ပဏီများကို အကာအကွယ်ပေးရေးအပါအဝင် ရုရှား-ဂျပန်နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့သည် တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ကျင်းပနေသော အေပက် ထိပ်သီးညီလာခံ၌ နိုဝင်ဘာ ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံတာဝန်ရှိသူ အဆင့်ဆင့်ကြား ဆွေးနွေးပွဲများကို ဆက်လက် ကျင်းပရန် ရုရှားသမ္မတပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့က သဘောတူခဲ့ကြကြောင်း ဂျပန်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနှင့် ဂျပန်နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် ရုရှားသမ္မတ ပူတင်နှင့် ဂျပန်ဝန်ကြီးချုပ် တာကာအိချီတို့ အေပက် ထိပ်သီးညီလာခံ၌ တွေ့ဆုံခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဟူသီလက်နက်ကိုင်အဖွဲ့နှင့် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခကို လာမည့်နှစ်ထိ ဆက်လက်ဆင်နွှဲရန် ဆော်ဒီအာရေဗျ ပြင်ဆင်

ရီယာဒ် နိုဝင်ဘာ ၁၉

ယီမင်နိုင်ငံအခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့နှင့် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခကို လာမည့် ၂၀၂၇ ခုနှစ်ထိ ဆက်လက်ဆင်နွှဲရန် ဆော်ဒီအာရေဗျနိုင်ငံက ပြင်ဆင်နေကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယီမင်ပြည်တွင်း၌ ဆော်ဒီအာရေဗျ ကျောထောက်နောက်ခံပြု ယီမင်အစိုးရတပ်များ စစ်ရေးအရ အရေးနိမ့်မှုများနှင့်ရင်ဆိုင်နေရသည့်တိုင် ဟူသီလက်နက်ကိုင်အဖွဲ့နှင့်ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခကို လာမည့် ၂၀၂၇ ခုနှစ်ထိ ဆက်လက်ဆင်နွှဲရန် ဆော်ဒီအာရေဗျနိုင်ငံက ပြင်ဆင်နေခြင်း ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့နှင့် ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခများကြောင့် ရေနံကဏ္ဍမဟုတ်သည့် ရင်းနှီးမြှုပ်နှံမှုများရရှိရေး၊ နိုင်ငံတကာ အခမ်းအနားများ လက်ခံကျင်းပရေး တို့အတွက် ဆော်ဒီအာရေဗျ၏ ကြိုးပမ်းမှုများ ပျက်ပြားခဲ့ရသည်။

ဟူသီ လက်နက်ကိုင်အဖွဲ့နှင့် ဆွေးနွေးမှုများ မပြုလုပ်နိုင်မီ မြေပြင်၌ ယီမင်အစိုးရ အရေးသာရေးအတွက် လာမည့်ခြောက်လ တာကာလထိ ဟူသီလက်နက်ကိုင်အဖွဲ့ကို စစ်ရေးအရဆက်လက် တိုက်ခိုက်ရန် လိုအပ်မည်ဟု ဆော်ဒီအာရေဗျ တာဝန်ရှိသူများ ကျူးမြင်ထားကြောင်း သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ယီမင်နိုင်ငံ၌ ပြုလုပ်မည့် ဆော်ဒီအာရေဗျနိုင်ငံ၏ စစ်ဆင်ရေးများအတွက် အမေရိကန်နိုင်ငံ၏ စစ်ရေးအရ ကူညီမှုများရရှိရန် ဆော်ဒီအာရေဗျတာဝန်ရှိသူများက မျှော်လင့်ထားသည်ဟု သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

အမေရိကန်၊ ရုရှား၊ တရုတ်ခေါင်းဆောင်များ သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲ ရှန်ကျန်းမြို့၌ ကျင်းပ

ပေကျင်း နိုဝင်ဘာ ၁၉

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့သည် ယနေ့တွင် သမိုင်းဝင်သုံးပွင့်ဆိုင် ထိပ်သီးဆွေးနွေးပွဲကို ရှန်ကျန်းမြို့ ကျိလင်နိုင်ငံတော်ဧည့်ဝေဟာ၌ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲတွင် အမေရိကန်၊ ရုရှား၊ တရုတ် ခေါင်းဆောင်များသည် ယူကရိန်းစစ်ရေးပဋိပက္ခ၊ အီရန်စစ်ရေးပဋိပက္ခ၊ နျူကလီးယားလက်နက် ထိန်းချုပ်ရေးအပြင် ကမ္ဘာ့ငြိမ်းချမ်းရေး ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထိတွေ့ဆက်ဆံရေး အခွင့်အလမ်းများကို ငြင်းပယ်ခြင်းဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်း သုံးပွင့်ဆိုင်ထိပ်သီး ဆွေးနွေးပွဲမစတင်မီ သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ထို့အတူ မဟာအင်အားကြီးနိုင်ငံများ သဟဇာတရှိရှိ ယှဉ်တွဲရပ်တည်ပါက ကမ္ဘာကြီး ငြိမ်းချမ်းနေမည်ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်သည် သုံးပွင့်ဆိုင်ထိပ်သီး ဆွေးနွေးပွဲမစတင်မီ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ကူဝိတ်နိုင်ငံရှိ အမေရိကန် မောင်းသူမဲ့ဒရုန်းယာဉ်စခန်း၊ ဒုံးကျည်စခန်းတို့ကို အီရန်တော်လှန်ရေးအစောင့်တပ် တိုက်ခိုက်

တီဟီရန် နိုဝင်ဘာ ၁၉

ကူဝိတ်နိုင်ငံအတွင်းရှိ အမေရိကန် မောင်းသူမဲ့ဒရုန်းယာဉ်စခန်း၊ ဒုံးကျည်စခန်းတို့ကို နိုဝင်ဘာ ၁၈ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဟော်မုဇ်ရေလက်ကြားဒေသရှိ ကီရှမ်ကျွန်းပေါ်မှ အီရန်စစ်ရေးပစ်မှတ်များကို အမေရိကန်တပ်မတော်က လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် အီရန်တော်လှန်ရေးအစောင့်တပ်၏ အဆိုပါသတင်း ထုတ်ပြန်ချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ကူဝိတ်နိုင်ငံ အလီအယ်လ် ဆာလမ် လေတပ်စခန်းရှိ အမေရိကန်မောင်းသူမဲ့ဒရုန်းယာဉ်စခန်းတစ်ခု၊ ဒုံးကျည်စခန်းတစ်ခုတို့ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကြောင့် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြန်လာခွင့်ရရှိရေးအတွက် နိုင်ငံကူးလက်မှတ်နှင့် အမျိုးသားမှတ်ပုံတင် အသစ်များ ထုတ်ပေးရန် ဘင်္ဂလားဒေ့ရှ်အစိုးရကို မေတ္တာရပ်ခံထားသည်။

မိမိသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံးအကြိမ်အဖြစ် တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ဘာရိန်းလေကြောင်းရန် ကာကွယ်ရေးတပ်များက ကြားဖြတ်တားဆီးခဲ့ရသည်။

ဘာရိန်းနိုင်ငံသည် အမေရိကန် ရေတပ်၏ အမှတ်(၅) ရေတပ်အုပ်စုဌာနချုပ် တည်ရှိရာပင်လယ်ကွေ့ အာရပ်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆူပူအကြမ်းဖက် ဆန္ဒပြမှုများကြောင့် ပြည်တွင်းလုံခြုံရေးမြင့်တင်ထား



ဒါကာ နိုဝင်ဘာ ၁၉

ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် နိုဝင်ဘာ ၁၈ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ လုံခြုံရေးစတင်မြှင့်တင်ထားပြီး လက်နက်ကိုင်တပ်ဖွဲ့ဝင်များစွာကို ဖြန့်ကြက်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများကြောင့် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့ရသော ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာမည့် ဒီဇင်ဘာလအတွင်း ပြန်လာရန် စီစဉ်ထားကြောင်း ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာက ပြောကြားထားသည်။

သို့ရာတွင် ထိုမေတ္တာရပ်ခံချက်ကို ဘင်္ဂလားဒေ့ရှ်အစိုးရက ငြင်းပယ်ထားရာ ရှိတ်ခ်ဟာဆီနာ၏ အဝါမီလိဂ် ပါတီဝင်များနှင့် ထောက်ခံသူများက ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ပြီးခဲ့သည့် ၁၀ ရက်တာကာလအတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းရှိ ခရိုင် ၂၈ ခုတို့၌ လက်လုပ်ဗုံးပေါက်ကွဲမှု၊ မော်တော်ယာဉ်များ မီးရှို့ဖျက်ဆီးခံရမှုအများအပြား ဖြစ်ပွားခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

ဒရမ်းချေဆာအာကာသယာဉ်ပျံ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းရေးအာဏာပိုင်အဖွဲ့က ခွင့်ပြု



ဝါရှင်တန် နိုဝင်ဘာ ၁၉

ဆီအာရာစပေ့စ် အာကာသ နည်းပညာကုမ္ပဏီ၏ ဒရမ်းချေဆာ အာကာသယာဉ်ပျံ ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်ရေး အစီအစဉ်ကို အမေရိကန်အစိုးရ ဖက်ဒရယ် လေကြောင်းပျံသန်းရေးအာဏာပိုင်အဖွဲ့က ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဖက်ဒရယ်လေကြောင်းအာဏာပိုင်အဖွဲ့ (FAA)၏ ခွင့်ပြုချက်အရ ဒရမ်းချေဆာအာကာသယာဉ်ပျံအနေဖြင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)၏ ကနေဒီအာကာသစခန်းသို့မဟုတ် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်း၌ ဆင်းသက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ဆီအာရာစပေ့စ် အာကာသ နည်းပညာကုမ္ပဏီသည် ဒရမ်းချေဆာ အာကာသယာဉ်ပျံကို ၂၀၂၇ ခုနှစ် နွေဦးရာသီတွင် ပထမဆုံး အကြိမ်အဖြစ် လွှတ်တင်ရန် စီစဉ်ထားသည်။

ကော်လိုရာဒိုပြည်နယ် အခြေစိုက် ဒရမ်းချေဆာအာကာသယာဉ်ပျံကို နှစ်ပေါင်း ၂၀ ကြာ အချိန်ယူ၍ တည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဆီအာရာစပေ့စ် အာကာသ နည်းပညာကုမ္ပဏီသည် ဒရမ်းချေဆာ အာကာသယာဉ်ပျံကို United Launch Alliance (ULC) ကုမ္ပဏီ၏ ဗော်လ်ကန်စင်တော် ဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်သည်။

ဆီအာရာစပေ့စ် အာကာသ နည်းပညာကုမ္ပဏီသည် ဒရမ်းချေဆာ အာကာသယာဉ်ပျံဖြင့် အာကာသ ထောက်ပို့မစ်ရှင်များ လွှတ်တင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

အရွယ်အစားကြီးမားသော ဂြိုဟ်သိမ်တစ်စင်းက ၂၀၂၇ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်

ဝါရှင်တန် နိုဝင်ဘာ ၁၉

အရွယ်အစား ကြီးမားသော ဂြိုဟ်သိမ်တစ်စင်းသည် ၂၀၂၇ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

1999 AN 10 အမည်ရှိ အဆိုပါဂြိုဟ်သိမ်သည် လာမည့်နှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၄၂၄၀ (၃၈၉၈၅၅ ကီလိုမီတာ)အကွာမှ တစ်ဆင့် ဖြတ်ကျော် ပျံသန်းမည်ဖြစ်သည်ဟု အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

1999 AN 10 ဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်းမီတာ ၈၀၀ မှ ၁၈၀၀ ထိရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။



1999 AN 10 ဂြိုဟ်သိမ်ကို ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် အမေရိကန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် နေကို လှည့်ပတ်ချိန်တွင် ကမ္ဘာ၏ နေပတ်လမ်းကို ဖြတ်ကျော်ဝင်ရောက်လေ့ရှိသည့် အပိုလိုအုပ်စုဝင် ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

1999 AN 10 ဂြိုဟ်သိမ်သည် နေကို ရက်ပေါင်း ၆၄၃ ရက်လျှင် တစ်ပတ်ကျ လှည့်ပတ်နေသည့် ဂြိုဟ်သိမ်ဖြစ်သည်။

၎င်းဂြိုဟ်သိမ်သည် ၂၁၈၂ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေရှိနိုင်သည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ရှန်ကျိုး - ၂၄ အာကာသလူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန် ပြင်ဆင်နေ

ပေကျင်း နိုဝင်ဘာ ၁၉

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ရှန်ကျိုး -၂၄ အာကာသ လူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန် ပြင်ဆင်နေကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ရှန်ကျိုး - ၂၄ အာကာသလူသယ်ယာဉ်နှင့် လောင်းမတ်ချ် - ၂ အက်ဖ်ဒုံးပျံတို့ကို ပစ်လွှတ်နယ်မြေဆီသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် ရှန်ကျိုး - ၂၄ အာကာသ လူသယ်ယာဉ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂိုဘီသဲကန္တာရဒေသ ချိုကွမ်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် ရှန်ကျိုး - ၂၄ အာကာသယာဉ်လွှတ်တင်မည့် အချိန်ကာလအတိအကျကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ကြေညာခြင်း မရှိသေးပေ။

ရှန်ကျိုး - ၂၄ အာကာသ လူသယ်ယာဉ်မစ်ရှင်တွင် တရုတ် အာကာသ ယာဉ်မှူးများနှင့်အတူ ပါကစ္စတန်နိုင်ငံသား အာကာသယာဉ်မှူးတစ်ဦးလည်း လိုက်ပါမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပါကစ္စတန်အာကာသယာဉ်မှူးသည် တီယန်ကောင်းအာကာသစခန်းပေါ်သို့ တက်ရောက်မည့် ပထမဆုံးပြည်ပနိုင်ငံသားအာကာသယာဉ်မှူး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

ဓာတုဒြပ်ပေါင်းတစ်မျိုးက Lymphoedema ရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်

စင်ကာပူ နိုဝင်ဘာ ၁၉

ခြေထောက်နှင့်လက်ပြန်ရည်ကျိတ်များ ရောင်ရမ်းမှုရောဂါ (Lymphoedema)ကို ကုသရာတွင် Cyclodextrins ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးက အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Cyclodextrins ဓာတုဒြပ်ပေါင်းသည် အစားအစာများ၏ အနံ့အရသာကို မြှင့်တင်ရေးအတွက် အသုံးပြုသည့် ဓာတုပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

စင်ကာပူအမျိုးသားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် Lymphoedema ပြဿနာရှိနေသော ကြွက်များတွင် Cyclodextrins ဓာတုဒြပ်ပေါင်းကို ထိုးနှံ၍ စောင့်ကြည့်ခဲ့လေ့လာခဲ့ကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ Cyclodextrins ထိုးနှံခဲ့ပြီးနောက် ကြွက်များ၌ ဖောရောင်မှုများ ကျဆင်းသွားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် Cyclodextrins ဓာတုဒြပ်ပေါင်းသည် ပျက်စီးနေသော ပြန်ရည်သွေးကြောများ ပြန်လည်ကောင်းမွန်ရေး အတွက်လည်း အထောက်အကူပြု နိုင်သည်ကို တွေ့ရသည်ဟု စင်ကာပူသုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပြန်ရည်သွေးကြောများသည် တစ်ရှူးများအတွင်းရှိကိုလက်စထရောများကို သွေးလည်ပတ်မှုစနစ်အတွင်း ပြန်ပို့ပေးသည့် သွေးကြောများဖြစ်ကြသည်။

တစ်ရှူးများပတ်လည်၌ ကိုလက်စထရော စုစည်းမှုသည် Lymphoedema ပြဿနာ၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

ကိုယ်အလေးချိန်လျှော့ချရေးဆေးသစ်တစ်မျိုးကို တရုတ်သုတေသနပညာရှင်များ စမ်းသပ်နေ

ပေကျင်း နိုဝင်ဘာ ၁၉

Wegovy နှင့် Mounjaro ကဲ့သို့ GLP-1 အုပ်စုဝင်ဆေးများ၏ ပြိုင်ဘက်ဖြစ်လာနိုင်သော ကိုယ်အလေးချိန် လျှော့ချရေးဆေးသစ်တစ်မျိုးကို တရုတ်သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ရက်သတ္တပတ်တစ်ပတ်လျှင် တစ်ကြိမ်သာ ထိုးနှံရန်လိုအပ်သည့် အဆိုပါထိုးဆေးသစ်သည် စမ်းသပ်မှုတွင် ပါဝင်သည့် လူနာများ၏ ကိုယ်အလေးချိန်ကို ၁၁ လတာ ကာလအတွင်း ၁၇ ဒသမ ၇ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

သို့ဖြစ်ရာ Ribupatide အမည်ရှိ အဆိုပါ GLP-1 အုပ်စုဝင် ထိုးဆေးသစ်သည် Wegovy နှင့် Mounjaro ကဲ့သို့ ထိုးဆေးများနှင့် ပြိုင်ဘက်ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက Wegovy သည် လူနာများ၏ ကိုယ်အလေးချိန်ကို ဆေးထိုးနှံပြီး ရက်သတ္တပတ် ၇၂ ပတ်အတွင်း ၁၈ ဒသမ ၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်ပြီး Maunjaro ထိုးဆေးကမူ ဆေးထိုးနှံပြီး ရက်သတ္တပတ် ၇၂ ပတ်အတွင်း ၂၂ ဒသမ ၅ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။

Ribupatide ထိုးဆေးသည် လူ့ကိုယ်ခန္ဓာ၏ အင်ဆူလင်တုံ့ပြန်နိုင်စွမ်းကိုလည်း မြှင့်တင်ပေးနိုင်သည်ဟု တရုတ်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO



အာရှယူ-၁၉ ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြန်မာအသင်းပါဝင်ကစားမည်

ရန်ကုန် နိုဝင်ဘာ ၁၉

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြန်မာအသင်းပါဝင်ကစားမည်ဟု မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အာရှယူ-၁၉ ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်မန်ပိုရီအားကစားရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။

အာရှယူ-၁၉ ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့်အတူ မြန်မာအသင်း၊ ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မလေးရှားအသင်းတို့အပြင် အာရှဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၅ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲစသည့် ပြိုင်ပွဲအမျိုးအစားငါးရပ်ဖြင့် ကျင်းပမည်ဖြစ်သည်။

အာရှယူ-၁၉ ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြန်မာအသင်းက အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

မြန်မာဖူဆယ်လိဂ် ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာ ဖူဆယ်လိဂ်ယူ-၁၆ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအဖြစ် နံနက် ၈ နာရီခွဲက မဟာဘားမားအသင်းနှင့် ယူနိုက်တက်စီးတီးအသင်းတို့ကစားခဲ့ရာ မဟာဘားမားအသင်းက ရှစ်ဂိုး တစ်ဂိုး၊ နံနက် ၁၀နာရီက Jullniss အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး နံနက် ၁၁ နာရီခွဲက အဇန်ဂျာလိုင်းယွန်း အသင်းနှင့် Bushido အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် မွန်းလွဲ ၁ နာရီက မာရိန်အသင်းနှင့် မင်းမဟော်အသင်းတို့ကစားခဲ့ရာ မင်းမဟော်အသင်းက လေးဂိုးနှစ်ဂိုး၊ မွန်းလွဲ ၂ နာရီခွဲက ဗစ်တိုးရီးယားအသင်းနှင့် TKA Star အသင်းတို့ကစားခဲ့ရာ ဗစ်တိုးရီးယားအသင်းက ရှစ်ဂိုး တစ်ဂိုး၊ ညနေ ၄နာရီက SGF Youth အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ SGF Youth အသင်းက ၁၂ ဂိုး သုံးဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

မြန်မာဖူဆယ်လိဂ် ယူ-၁၆ ပြိုင်ပွဲ ပွဲစဉ်(၂၁)ပွဲစဉ်များအပြီးတွင် SGF Youth အသင်းက ၁၈ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။

STA

အာဆင်နယ်အသင်းက ဇူဘီမန်ဒီအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၇၀ သတ်မှတ်



လန်ဒန် နိုဝင်ဘာ ၁၉

အာဆင်နယ် အသင်းက လာမည့်နှစ် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းများက ခေါ်ယူလိုနေသည့် ကွင်းလယ်ကစားသမား ဇူဘီမန်ဒီအတွက် ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၇၀ သတ်မှတ်ထားကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဇူဘီမန်ဒီသည် ၂၀၂၅ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဆိုစီဒက်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အသင်းတွင် ပွဲကစားခွင့် နည်းပါးနေသည့်အတွက် အသင်းမှ ထွက်ခွာရန်စီစဉ်နေခြင်းဖြစ်သည်။

ဇူဘီမန်ဒီသည် အာဆင်နယ်အသင်းကွင်းလယ်ပိုင်းတွင် ထိပ်တန်းကစားသမား အများအပြားရှိနေသည့်အတွက် နည်းပြ အာတီတာ လက်အောက်၌ ပွဲထွက်ခွင့်မရရှိဘဲ လူစားဝင်ကစားသမားအဖြစ်သာ ပွဲစဉ်အများစုကို ကစားနေရသည့်အတွက် လာမည့်နှစ် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အစောပိုင်းက ဇူဘီမန်ဒီကို လန်ဒန်မြို့ခံပြိုင်ဘက် ချဲလ်ဆီးအသင်း၊ စပိန်ထိပ်တန်းကလပ် ရီးရဲလ်မက်ဒရစ် အသင်းတို့က ခေါ်ယူလိုနေသည့် အတွက် အာဆင်နယ်အသင်း ကလည်း ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ရရှိပါက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇူဘီမန်ဒီသည် အာဆင်နယ်အသင်းနှင့်အတူ နှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၆၉ ပွဲပါဝင်ကစားထားပြီး သွင်းဂိုး ခြောက်ဂိုးသွင်းယူထားကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

ATP Finals အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်၌ အယ်ကာရက်ဇ်က မက်ဗီဒက်ကို အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ဘယ်ဘက်ခြေထောက်ကြွက်သားဒဏ်ရာရရှိ

ရောမ နိုဝင်ဘာ ၁၉

အီတလီနိုင်ငံတွင် ကျင်းပနေသည့် ATP Finals အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့တွင် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ရုရှားတင်းနစ်ကစားသမား မက်ဗီဒက်တို့ကစားခဲ့ရာ အယ်လ်ကာရက်ဇ်က နှစ်ပွဲပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း ဘယ်ဘက်ခြေထောက် ကြွက်သားဒဏ်ရာရရှိခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ် ပထမပွဲငယ်တွင် အယ်ကာရက်ဇ်က (၆-၂)ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်ပြီးဆုံးခါနီးတွင် ဘယ်ဘက်ခြေထောက် ကြွက်သားဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးကုသမှုများလုပ်ဆောင်ခဲ့ကာ ဆက်လက်ကစားခဲ့ရာမှ (၆-၄) ရလဒ်ဖြင့် နှစ်ပွဲပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ဘယ်ဘက်ခြေထောက် ကြွက်သားဒဏ်ရာကို ဆေးစစ်မှုများဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပြီး ဒဏ်ရာမှာ အနည်းငယ်ပြင်းထန်နေသည့်အတွက် လာမည့်ဆီဒီမီးဖိုင်နယ်အဆင့်ပွဲစဉ်ကို ဆက်လက်ကစားရန် မရေမရာဖြစ်နေခြင်းဖြစ်သည်။

ထို့ပြင် အယ်ကာရက်ဇ်သည် ဒဏ်ရာပြင်းထန်မှုကြောင့် ဆက်လက် အနားယူရမည်ဆိုပါက နိုဝင်ဘာ ၂၄ ရက်မှ ၂၉ ရက်ထိ အီတလီနိုင်ငံ ဘိလော့နာမြို့တွင် ကျင်းပမည့် Davis Cup အမျိုးသားအသင်းလိုက် တင်းနစ်ပြိုင်ပွဲတွင် စပိန်အသင်းအတွက် ပါဝင်ကစားပေးရန် မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

အယ်ကာရက်ဇ်သည် ၂၀၂၅ခုနှစ် တင်းနစ်ရာသီအကုန်တွင် ဒဏ်ရာပြဿနာများကြောင့် Davis Cup ပြိုင်ပွဲကိုလွဲချော်ခဲ့ရပြီး ယခုအခါတွင်လည်း ထပ်မံလွဲချော်ရမည့် အရေးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : AGTP Tennis

Trs : STA

ဝိုင်ဒါနှင့် ထိုးသတ်မည့်ပွဲစဉ်ကိုဖျက်သိမ်းခဲ့ပြီးနောက် ခရူဇာဝိတ်တန်းတွင်သာ ဆက်လက်ထိုးသတ်ရန် အိုပီတိုင်ယာဆုံးဖြတ်

ဆစ်ဒနီ နိုဝင်ဘာ ၁၉

ဩစတြေးလျ လက်ဝှေ့သမား အိုပီတိုင်ယာက အမေရိကန် လက်ဝှေ့သမား ဝိုင်ဒါနှင့် ထိုးသတ်မည့်ပွဲစဉ်ကို ဖျက်သိမ်းခဲ့ပြီးနောက် ခရူဇာဝိတ်တန်းတွင်သာထိုးသတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၃၁နှစ်ရှိ အိုပီတိုင်ယာသည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဗြိတိန်လက်ဝှေ့သမားများဖြစ်သည့် တိုင်ဆန်ဖြူရီနှင့် အန်သိုနီ ဂျိုရွှအာတို့ အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်မည့် ပြိုင်ပွဲတွင် ဝိုင်ဒါနှင့် ဒုတိယခေါင်ပွဲ ထိုးသတ်ရန် သဘောတူညီမှု ရရှိထားခြင်းဖြစ်သည်။

သို့သော် အိုပီတိုင်ယာသည် လေ့ကျင့်ခန်းများ လုပ်ဆောင်စဉ် လက်ဒဏ်ရာရရှိခဲ့သည့် အတွက် ဝိုင်ဒါနှင့် ထိုးသတ်မည့်ပွဲစဉ်ကို ဖျက်သိမ်းကြောင်း အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။

အိုပီတိုင်ယာသည် လက်ရှိတွင် IBF ကမ္ဘာ့ခရူဇာ ဝိတ်တန်းချန်ပီယံ၊ The Ring ကမ္ဘာ့ခရူဇာ ဝိတ်တန်း ချန်ပီယံအဖြစ်ရပ်တည်နေသူဖြစ်ပြီး ခရူဇာဝိတ်တန်းတွင် သာ ထိုးသတ်နေသူဖြစ်သော်လည်း အစောပိုင်းက ဝိုင်ဒါနှင့် ပွဲစဉ်တွင် ဝိတ်တန်းရွှေ့ပြောင်းပြီး ဟဲဗီးဝိတ်တန်းတွင် ထိုးသတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အိုပီတိုင်ယာက ဝိုင်ဒါနှင့်ပွဲစဉ်ကို ဖျက်သိမ်းခဲ့ပြီးနောက် ခရူဇာဝိတ်တန်းတွင်သာ ထိုးသတ်ရန် ဆုံးဖြတ်ခဲ့ပြီး WBA၊ WBC ကမ္ဘာ့ခရူဇာဝိတ်တန်း ချန်ပီယံအဖြစ် ရပ်တည်နေသည့် အမေရိကန် လက်ဝှေ့သမား ဘိနာဗီဒက်ဇ်နှင့် ချန်ပီယံခါးပတ်ပေါင်းစည်းစိန်ခေါ်ပွဲစဉ် ထိုးသတ်ရန်စီစဉ်နေကြောင်း သိရသည်။

Ref : Source of Boxing

Trs : STA

စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ကစားသမားစုဖွဲ့မှုပိုကောင်းတဲ့ စပါးအသင်း၊ လာဇီယိုအသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးရမှာပါ။

M L



ဥရောပ အမှတ်ပေးပြိုင်ပွဲတွေဟာ ပွဲစဉ်(၁၀)ကျော်လာတာကြောင့် အသင်းတိုင်းက ရမှတ်လိုအပ်ချက်တွေရှိလာပြီး ပြိုင်ဆိုင်မှုပြင်းထန်လာတာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ ရက်သတ္တပတ်မှာတော့ နိုင်ငံတကာပြိုင်ပွဲတွေ ကစားရတာကြောင့် ခြေစွမ်းပြကစားသမားအများစုဟာ သက်ဆိုင်ရာနိုင်ငံအသင်းတွေဆီ သွားရောက်ကစားရတာဖြစ်လို့ ပွဲပန်းမှုန့် ခရီးပန်းမှုဒဏ်တွေ ရှိနေမှာသေချာပါတယ်။ နိုင်ငံတကာပြိုင်ပွဲကာလမတိုင်ခင် ကစားခဲ့တဲ့ စနေနေ့ညပွဲတွေမှာတော့ ပရီးမီးယားလိဂ် အသင်းကြီးတွေထဲက အာဆင်နယ်တစ်သင်းသာ နိုင်ပွဲရခဲ့ပြီး စပါးအသင်း၊ နယူးကာဆယ်အသင်းတို့ ရှုံးပွဲကြုံခဲ့ပါတယ်။ ဒါ့ပြင် လာလီဂါမှာလဲ ပရိသတ်အကြိုက်တွေ့တဲ့အသင်းတွေရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ ဒီတစ်ပတ်မှာတော့ ခြေရည်တူအသင်းတွေတွေ့ဆုံမှုထဲက အရန်ကစားသမားအင်အားကောင်းပြီး ဒဏ်ရာရ ပွဲပယ်နည်းပါးတဲ့ ပရီးမီးယားလိဂ်က စပါးအသင်း၊ လာလီဂါက ဘက်တစ်အသင်း၊ စီးရီးအေက လာဇီယိုအသင်းတို့ကို ရွေးချယ်ရမှာဖြစ်ပါတယ်။

စပါးအသင်းကို ရွေးရမှာပါ

ပရီးမီးယားလိဂ် ပွဲစဉ်(၁၁)မှာ အကြိုက်တွေ့မိတာကတော့ စပါးအသင်းနဲ့ အစ်ဂှစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စပါးအသင်းဟာ ရာသီအစပိုင်းမှာ ကစားသမားသစ်တွေ အထိုင်မကျသေးတာကြောင့် ရှုံးပွဲဆက်ခဲ့ပေမဲ့ နောက်ပိုင်းမှာ နည်းပြဒေဘီရဲ့ ကစားကွက်အောက်မှာ ကစားသမားသစ်တွေ ခြေစွမ်းပြနိုင်ခဲ့ပြီး ရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ ပရီးမီးယားလိဂ် ၁၀ ပွဲအပြီးမှာတော့ ရမှတ် ၁၂ မှတ်နဲ့ အဆင့်(၁၁)မှာ ရပ်တည်နေပြီး အဆင့်(၈)က ဘရန်ဖို့ဒ်အသင်း၊ အဆင့်(၉)က လိဒ်ယူနိုက်တက်အသင်း၊ အဆင့်(၁၀)က အေဗီလာအသင်းတို့နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရခဲ့ရင် အမှတ်ပေးဇယားအဆင့် နှစ်ဆင့်လောက်ထိ တက်ရောက်နိုင်မှာဖြစ်လို့ နည်းပြဒေဘီအနေနဲ့ အခုပွဲကို ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာမှာသေချာပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထားပြီး ခြေစွမ်းပိုင်းတိုးတက်လာပေမဲ့ လိဒ်ယူနိုက်တက်အသင်းနဲ့ပွဲမှာ ပြိုင်ဘက်ကို ခံစစ်အားပြုကစားခဲ့လို့ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တယ်လို့ ဆိုရမှာပါ။ အခုပွဲမှာတော့ နည်းပြအနေနဲ့ အရင်ပွဲက အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်ခဲ့ရင်တော့ အစ်ဂှစ်လို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကို ဂိုးပြတ်နိုင်ပွဲရသွားမှာဖြစ်ပါတယ်။

အစ်ဂှစ်အသင်းကတော့ ပရီးမီးယားလိဂ် ၁၀ ပွဲအပြီးမှာ ရမှတ် ၁၁ မှတ်ရှာဖွေနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၄)မှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် အသင်းကြီးတွေကိုတောင် တန်ပြန်ဖိအားပေးနိုင်ပြီး ဂိုးတွေသွင်းနိုင်ပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာတော့ အဘက်ဘက်က အားနည်းနေတာကို တွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာတော့ ဖူလ်ဟမ်အသင်းကို အိမ်ကွင်းမှာ နိုင်ပွဲရခဲ့ပေမဲ့ မန်စီးတီး၊ နော်တင်ဟမ်၊ ဟူးလ်စီးတီး၊ ဘုန်းမောက်အသင်းတို့နဲ့ပွဲတွေမှာ နိုင်ပွဲပျောက်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အသင်းရဲ့တိုက်စစ်ပိုင်းက ငါးပွဲစလုံး ဂိုးရခဲ့တာကြောင့် အခုပွဲမှာ စပါးအသင်းအနေနဲ့ အစ်ဂှစ်တိုက်စစ်ကို ထိန်းချုပ်နိုင်မှသာ ဂိုးမပေးရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ စပါးအသင်းက အသာရထားပြီး နောက်ဆုံးကစားခဲ့တဲ့ပရီးမီးယားလိဂ်ပွဲမှာ စပါးအသင်းက လေးဂိုး တစ်ဂိုးနဲ့ ဂိုးပြတ်နိုင်ထားတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာနေတဲ့ စပါးအသင်းကိုပဲ ရွေးရမှာပါ။

စပါးအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

မန်ယူ	၁	-	၁	စပါး
စပါး	၃	-	၁	ကိုဗင်ထရီ
ချဲလ်ဆီး	၀	-	၂	စပါး
စပါး	၂	-	၀	ပဲလေ့စ်
လိဒ်ယူနိုက်တက်	၁	-	၀	စပါး

အစ်ဂှစ်အသင်း၏ နောက်ဆုံးငါးပွဲရလဒ်

အစ်ဂှစ်	၂	-	၁	ဖူလ်ဟမ်
မန်စီးတီး	၃	-	၂	အစ်ဂှစ်
အစ်ဂှစ်	၁	-	၁	နော်တင်ဟမ်
ဟူးလ်စီးတီး	၂	-	၂	အစ်ဂှစ်
အစ်ဂှစ်	၁	-	၂	ဘုန်းမောက်

လာဇီယိုအသင်းရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ စီးရီးအေပွဲစဉ်(၁၂)မှာ အကြိုက်တွေ့မိတာကတော့ လာဇီယိုအသင်းနဲ့ လက်ချီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ နည်းပြကတ်တူဆိုလက်အောက်မှာ ပုံစံကောင်းရနေတဲ့ လာဇီယိုအသင်းဟာ အမှတ်ပေးပွဲ ၁၁ ပွဲအပြီးမှာ ကိုးပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတာတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြကတ်တူဆိုရဲ့ ၄-၃-၃ ကစားကွက်ပိုင်းမှာ ခံစစ်၊ တိုက်စစ် အတွဲအဖက်မိနေပြီး ဂိုးသမားမန်ဒါကလဲ လက်စွမ်းပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့် လာဇီယိုအသင်းဟာ အခုပြိုင်ပွဲမှာ ပေးဂိုးအနည်းဆုံးနဲ့ ဂိုးမပေးရတဲ့ပွဲစဉ်အများဆုံး အသင်းဖြစ်နေတာကို သတိပြုရမှာပါ။ သူတို့အသင်းတိုက်စစ်ပိုင်းကလဲ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ၁၄ ဂိုးထိ သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းကလဲ အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ နည်းပြကတ်တူဆိုရဲ့ ပွဲထွက်လူစာရင်းမှာ ထိပ်တန်းအဆင့်ကစားသမားနည်းပါးပေမဲ့ ကစားသမားတွေနဲ့ အသင်းလိုက် ကစားအားကောင်းမွန်မှုကြောင့် ရလဒ်တွေကောင်းနေပြီး အခုပွဲမှာလဲ လက်ချီလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

လက်ချီအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲဆက်မှာ တစ်ပွဲသာနိုင်ထားပြီး စီးရီးအေ ၁၁ ပွဲမှာလဲ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးထားတာကြောင့် အဆင့်(၁၄)မှာ ရောက်ရှိနေပါတယ်။ သူတို့အသင်းအနေနဲ့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အပြင် ကစားကွက်ပိုင်းကလဲ နောက်တန်းသုံးယောက်နဲ့ ကွင်းလယ်အားပြုကစားတာကြောင့် အသင်းကြီးတွေနဲ့ဆို ပေးဂိုးတွေများနေတာကို သတိပြုရမှာပါ။ လက်ချီအသင်းရဲ့ ခံစစ်ကစားသမားတွေကလဲ သာမန်ခြေစွမ်းသာ ရှိတာကြောင့် လာဇီယိုလို တိုက်စစ်ကောင်းတဲ့အသင်းကိုတော့ တားဆီးနိုင်ဖို့ခက်မှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုမှာလဲ လက်ချီအသင်းက နိုင်ပွဲပျောက်ဆုံးခဲ့ပြီး လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာလဲ လာဇီယိုအသင်းပဲ အသာရနေတာကြောင့် အခုပွဲစဉ်မှာ ပုံစံကောင်းရှိနေတဲ့ လာဇီယိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

လာဇီယိုအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ဂျူဗင်တပ်	၀	-	၃	လာဇီယို
လာဇီယို	၂	-	၁	ပါးမား
ဆက်ဆူအိုလို	၂	-	၆	လာဇီယို
လာဇီယို	၂	-	၁	ကက်ဂလီယာရီ
နာပိုလီ	၁	-	၁	လာဇီယို

လက်ချီအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

အူဒီးနီးစ်	၀	-	၃	လက်ချီ
လက်ချီ	၀	-	၂	ဂျူဗင်တပ်
ဖရိုစီဝမ်း	၅	-	၁	လက်ချီ
လက်ချီ	၁	-	၂	ဂျီနိုအာ
တိုရီနို	၁	-	၁	လက်ချီ

ဘက်တစ်အသင်းနဲ့ လက်တွဲရမှာပါ

လာလီဂါပွဲစဉ်(၁၃)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆီဗီလာအသင်းနဲ့ ဘက်တစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆီဗီလာအသင်းဟာ ၂၀၂၃ ခုနှစ် ယူရိုပါလိဂ်ဆုဖလားရရှိပြီးနောက်ပိုင်း ပြိုင်ပွဲစုံမှာ ရလဒ်တွေ ကျဆင်းသွားတာကို တွေ့ရမှာပါ။ အဲဒီနောက်ပိုင်း အသင်းက အဓိကကစားသမားတွေကို ရောင်းထုတ်ခဲ့သလို ကစားသမားသစ်ဖြည့်တင်းနိုင်ခြင်းမရှိတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ တန်းမဆင်းရဖို့ ရုန်းကန်နေရတာကို သတိပြုရမှာပါ။ အခုနှစ်မှာလဲ ခြေစွမ်းပြကစားသမားခေါ်ယူနိုင်ခြင်းမရှိတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်တည်ငြိမ်ဖို့ ရုန်းကန်နေရပြီး ၁၂ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အဆင့်(၆)မှာ ရောက်ရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာတော့ အိုဆာဆူနာ၊ ဟော်တာလီဇာတို့လို အသင်းငယ်တွေကိုသာ နိုင်ပွဲရခဲ့ပြီး ရီးရဲလ်မက်ဒရစ်၊ ဂီတာဖေး၊ အလာဗက်အသင်းတို့နဲ့ပွဲမှာ ရမှတ်တွေဆုံးရှုံးခဲ့တာကို တွေ့ရမှာပါ။ အခုပွဲမှာလဲ ဘက်တစ်အသင်းလို နည်းစနစ်ပိုင်းကောင်းမွန်ပြီး ပုံစံကောင်းရနေတဲ့အသင်းနဲ့တွေ့နေတဲ့အတွက် ပွဲချိန်ပြည့်ယှဉ်ကစားဖို့ မဖြစ်နိုင်တာကြောင့် ရမှတ်ဆုံးရှုံးမှာ သေချာပါတယ်။

ဘက်တစ်အသင်းဟာ နည်းပြပယ်လီဂရီနီလက်အောက်မှာ အကောင်းဆုံးပုံစံရရှိနေတာကြောင့် အမှတ်ပေးပြိုင်ပွဲမှာ နှစ်ပွဲသာ ရှုံးထားပြီး ရမှတ် ၂၆ မှတ်နဲ့ အဆင့်(၄)မှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ အမှတ်ပေးဇယား အဆင့်(၅)နဲ့ ပြီးဆုံးခဲ့တာကြောင့် ချန်ပီယံလိဂ်ကစားခွင့်ရထားတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ တောင်ပံတိုက်စစ်ကို အားပြုကစားနေတာကြောင့် တိုက်စစ်ဖွင့်ကစားတဲ့အသင်းတွေနဲ့ဆို သွင်းဂိုးတွေများနေပြီး ခံစစ်ပိုင်းကလဲ ပေးဂိုးနည်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီ တွေ့ဆုံမှုမှာလဲ ဘက်တစ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ သွင်းဂိုး လေးဂိုးထိ သွင်းယူထားတာကြောင့် အခုပွဲမှာလဲ ခံစစ်ကစားပုံအားနည်းနေတဲ့ဆီဗီလာအသင်းကို ထိန်းချုပ်ကစားနိုင်မှာသေချာနေတာကြောင့် အခုပွဲမှာ ဘက်တစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။


ဆီဗီလာအသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ရီးရဲလ်မက်ဒရစ်	၄	-	၁	ဆီဗီလာ
ဆီဗီလာ	၂	-	၀	အိုဆာဆူနာ
ဟော်တယ်လီဇာ	၀	-	၃	ဆီဗီလာ
ဂီတာဖေး	၃	-	၁	ဆီဗီလာ
ဆီဗီလာ	၀	-	၀	အလာဗက်

ဘက်တစ်အသင်း၏ နောက်ဆုံးငါးပွဲရလဒ်

ဆဲလ်တာဗီဂို	၀	-	၀	ဘက်တစ်
ဘက်တစ်	၂	-	၁	မာလာဂါ
ဒွေ့မွန်	၂	-	၁	ဘက်တစ်
အယ်ချီ	၀	-	၂	ဘက်တစ်
နာဗာကာနာရို	၂	-	၃	ဘက်တစ်

ဘရူနိုင်း၏ AI နည်းပညာအခြေပြု အသွင်ကူးပြောင်းမှုနှင့် ဒီဂျစ်တယ်စီးပွားရေးစနစ်သစ်တည်ဆောက်မှု



ဘရူနိုင်းနိုင်ငံသည် ၎င်း၏ ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် အဆင့်သစ်တစ်ခုသို့ ဝင်ရောက်လျက်ရှိသည်။ အာရှတစ်ဝန်းရှိ စီးပွားရေး၊ အစိုးရနှင့်လူ့အဖွဲ့အစည်းများကို ဉာဏ်ရည်တု(AI) နည်းပညာက ပြောင်းလဲပုံဖော်လျက်ရှိကြသည်။ အရှေ့တောင်အာရှရှိ ဤနိုင်ငံငယ်ကလေးသည် AI ကို နည်းပညာအသစ်တစ်ခုအဖြစ်သာမက ၎င်း၏ ရေရှည်အမျိုးသားဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ်ပါသတ်မှတ်ထားရှိသည်။

ယခုနှစ် ဇွန်လတွင်စတင်သည့် "Digital Brunei 2030" (ဒီဂျစ်တယ် ဘရူနိုင်း ၂၀၃၀) အစီအစဉ်သည် ဤလမ်းကြောင်းပေါ်ရှိ အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်သည်။ ဤငါးနှစ်တာ အမျိုးသားအစီအစဉ်သည် "ဒီဂျစ်တယ် ဘရူနိုင်းဆီသို့ အတူတကွ" (Together Towards a Digital Brunei) ဟူသော ကျယ်ပြန့်သည့် မျှော်မှန်းချက်အောက်တွင် ဒီဂျစ်တယ်အစိုးရ၊ ဒီဂျစ်တယ်လူ့အဖွဲ့အစည်း၊ ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်း၊ ဒေတာနှင့်ဉာဏ်ရည်တု (Data and AI)ဟူသော အပြန်အလှန်ဆက်စပ်နေသည့် မဟာဗျူဟာလေးရပ်ကို ပေါင်းစပ်ထားသည်။ ဤလုပ်ငန်းစဉ်သည် ဘရူနိုင်းနိုင်ငံ၏ ရေရှည်မျှော်မှန်းချက်ဖြစ်သော "Wawasan Brunei 2035" (ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅)ကို အထောက်အပံ့ဖြစ်စေပြီး အခြေခံဒီဂျစ်တယ်အခြေခံအဆောက်အအုံများတည်ဆောက်ခြင်းမှသည် လက်တွေ့ကျသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာရလဒ်များ ဖန်တီးပေးနိုင်မည့်အဆင့်သို့ ကူးပြောင်းမှုကို ညွှန်ပြနေသည်။

ဒီဂျစ်တယ်အသွင်ကူးပြောင်းရေးမှ AI နည်းပညာအသွင်ကူးပြောင်းရေးသို့

ဘရူနိုင်းနိုင်ငံသည် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များ၊ ဒီဂျစ်တယ်အထောက်အထားစိစစ်ရေးစနစ်များနှင့် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများအပါအဝင် အရေးပါသော ဒီဂျစ်တယ်အခြေခံအုတ်မြစ်များကို တည်ဆောက်ပြီးစီးထားပြီးဖြစ်သည်။ နောက်ထပ်ရင်ဆိုင်ရမည့်စိန်ခေါ်မှုမှာ ဉာဏ်ရည်ပိုမိုထက်မြက်ပြီး ကုန်ထုတ်စွမ်းအားမြင့်မားသော စီးပွားရေးစနစ်တစ်ခုကိုဖန်တီးနိုင်ရန်အတွက် ဤအခြေခံအုတ်မြစ်များကို အသုံးချသွားရန်ပင်ဖြစ်သည်။

"Digital Brunei 2030" အစီအစဉ်သည် ဤနောက်တစ်ဆင့်တွင် AI နည်းပညာကို အဓိကဗဟိုချက်အဖြစ် ထားရှိဆောင်ရွက်သည်။ ၎င်း၏ စီမံကိန်းများထဲတွင် AI စွမ်းဆောင်ရည်ပါဝင်သည့် ဒေတာစင်တာ(Data Centre)၊ AI တွက်ချက်မှုစွမ်းရည်များပါဝင်သော နိုင်ငံတော်အဆင့် Cloud စနစ်(National Sovereign Cloud)နှင့် ဘရူနိုင်းနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီမည့် နိုင်ငံတော်အဆင့် Large Language Model (LLM) တို့ ပါဝင်သည်။ ဤစီမံကိန်းများသည် နိုင်ငံ၏ ဒီဂျစ်တယ်စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးရန်နှင့် အစိုးရဌာနများကြား မျှဝေအသုံးပြုနိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းများနှင့် ဆန်းသစ်တီထွင်သူများကိုပါ အထောက်အကူပြုနိုင်မည့် အခြေခံအဆောက်အအုံများကိုပံ့ပိုးပေးရန်ရည်ရွယ်သည်။

နိုင်ငံတော်အဆင့် LLM တစ်ခုကို တည်ဆောက်ခြင်းသည် အထူးပင်အရေးပါလှသည်။ Large Language Models (LLM) များသည် ကမ္ဘာလုံးဆိုင်ရာ AI စီးပွားရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာပြီး အစိုးရဝန်ဆောင်မှုများ၊ ပညာရေး၊ စီးပွားရေးနှင့်ဆက်သွယ်ရေးကဏ္ဍများရှိ အက်ပလီကေးရှင်းများကို မောင်းနှင်ပေးလျက်ရှိသည်။ ဘရူနိုင်းနိုင်ငံ၏ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းဆိုင်ရာပတ်ဝန်းကျင်တို့နှင့်ကိုက်ညီမည့် AI နည်းပညာစွမ်းဆောင်ရည်များကို တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်းလိုအပ်ချက်များနှင့်ကိုက်ညီသော ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ဖန်တီးနိုင်မည့် အခွင့်အလမ်းများရရှိနိုင်သကဲ့သို့ အရေးပါသော ဒေတာနှင့် နည်းပညာဆိုင်ရာပိုင်ဆိုင်မှုများအပေါ် နိုင်ငံ၏ထိန်းချုပ်နိုင်စွမ်းကိုလည်း ပိုမိုခိုင်မာစေမည်ဖြစ်သည်။

အစိုးရနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် AI နည်းပညာ

ဘရူနိုင်းနိုင်ငံအတွက် အရေးပါဆုံးအခွင့်အလမ်းတစ်ခုမှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုတွင် AIနည်းပညာကို အသုံးချခြင်းပင်ဖြစ်သည်။ "Digital Brunei 2030" အစီအစဉ်သည် ပိုမိုချောမွေ့ပြီး ပြည်သူကို ဗဟိုပြုသည့် ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ဖန်တီးရန် ရည်ရွယ်ထားသည်။ Gov.BN SuperApp၊ BruneiID နှင့် အခြားသောမျှဝေသုံးစွဲနိုင်သည့် ဒီဂျစ်တယ်အခြေခံအဆောက်အအုံများကဲ့သို့သော နိုင်ငံအဆင့်ပလက်ဖောင်းများသည် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အစိုးရဌာနဆိုင်ရာများကြား ဆက်သွယ်ဆောင်ရွက်မှုများကို ပိုမိုလွယ်ကူစေရန် ရည်ရွယ်သည်။

AI နည်းပညာသည် တစ်ဦးချင်းစီ၏ လိုအပ်ချက်နှင့်ကိုက်ညီသော ဝန်ဆောင်မှုများ၊ ဒေတာခွဲခြမ်းစိတ်ဖြာခြင်း၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များကို အလိုအလျောက်လုပ်ဆောင်စေခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူပြုသည့်ကိရိယာများ ပံ့ပိုးပေးခြင်းတို့ဖြင့် ဤစနစ်များကို ပိုမိုတိုးတက်ကောင်းမွန်စေနိုင်သည်။ ထို့ပြင် ဘရူနိုင်းနိုင်ငံသည် ရောဂါများကို စောစီးစွာခန့်မှန်းသိရှိနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုပေးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ထားသည့် AI နည်းပညာပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုပလက်ဖောင်းတစ်ခုကိုလည်း မိတ်ဆက်ထားသည်။ ဤအချက်က AI နည်းပညာသည် စမ်းသပ်အဆင့်ထက်ကျော်လွန်ပြီး ပြည်သူ့ကဏ္ဍဆိုင်ရာရလဒ်များကို မြှင့်တင်ပေးနိုင်သည့် လက်တွေ့ကျသောကိရိယာတစ်ခုဖြစ်လာနိုင်ပုံကို ဖော်ပြနေသည်။

ပညာရေး၊ ငွေကြေးဝန်ဆောင်မှု၊ မြို့ပြစီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေး ကဏ္ဍများတွင်လည်း အလားတူနည်းလမ်းများဖြင့် AI နည်းပညာကို အသုံးချလာနိုင်သည်။ စီးပွားရေးအရ အရွယ်အစားသေးငယ်သော နိုင်ငံတစ်နိုင်ငံအတွက် AI နည်းပညာသည် စီမံခန့်ခွဲရေးဆိုင်ရာအရင်းအမြစ်များကို အချိုးကျတိုးချဲ့ရန်မလိုဘဲ ကုန်ထုတ်စွမ်းအားကို တိုးမြှင့်နိုင်မည့်အခွင့်အလမ်းကို ပေးစွမ်းနိုင်သည်။

တာဝန်ယူမှုရှိသော AI နည်းပညာဂေဟစနစ်တစ်ခုကို တည်ဆောက်ခြင်း

သို့သော်လည်း အခြေခံအဆောက်အအုံတစ်ခုတည်းဖြင့်သာ အောင်မြင်သော AI စီးပွားရေးစနစ်ကို ဖန်တီး၍မရနိုင်ပေ။ ယုံကြည်မှု၊ ကျင့်ဝတ်၊ ဒေတာကာကွယ်ရေးနှင့် တာဝန်ခံမှုတို့သည်လည်း အလားတူပင်အရေးပါသည်။

ထို့ကြောင့် ဘရူနိုင်းနိုင်ငံသည် AI စီမံအုပ်ချုပ်မှု (AI governance)ကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဧပြီလတွင် ဘရူနိုင်းနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ စက်မှုလုပ်ငန်းကြီးကြပ်ရေးအာဏာပိုင်အဖွဲ့(AITI)သည် "ဘရူနိုင်းနိုင်ငံအတွက် AI စီမံအုပ်ချုပ်မှုနှင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်"ကို ထုတ်ပြန်ခဲ့သည်။ ဤလမ်းညွှန်ချက်တွင် AI နည်းပညာများကို တီထွင်ဖန်တီးခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် အသုံးပြုခြင်းတို့ပြုလုပ်နေသောအဖွဲ့အစည်းများအတွက် လိုက်နာရမည့် မူဝါဒသဘောတရားများပါဝင်သည်။

၎င်း၏မူဘောင်တွင် ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းဖော်ပြနိုင်စွမ်း၊ ဒေတာကာကွယ်ရေးနှင့် စီမံအုပ်ချုပ်မှု၊ လုံခြုံရေးနှင့် ဘေးကင်းလုံခြုံမှု၊ ကြွခိုင်မှုနှင့်ယုံကြည်စိတ်ချရမှု၊ တရားမျှတမှုနှင့်တန်းတူညီမျှမှု၊ လူသားဗဟိုပြုဉာဏ်ရည်တု၊ တာဝန်ခံမှုနှင့်ရှိသားဖြောင့်မတ်မှုတို့ပါဝင်သည်။ ဤမူဝါဒသဘောတရားများသည် AI နည်းပညာနှင့်ဆက်စပ်သောဖြစ်နိုင်ခြေရှိသည့်အန္တရာယ်များကို ကာကွယ်ပေးရင်း တစ်ဖက်တွင်လည်း ဆန်းသစ်တီထွင်မှုများကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်သည်။

❖ ဘရူနိုင်းနိုင်ငံသည် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များ၊ ဒီဂျစ်တယ်အထောက်အထားစိစစ်ရေးစနစ်များနှင့် ဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများအပါအဝင် အရေးပါသော ဒီဂျစ်တယ်အခြေခံအုတ်မြစ်များကို တည်ဆောက်ပြီးစီးထားပြီးဖြစ်သည်။ နောက်ထပ်ရင်ဆိုင်ရမည့်စိန်ခေါ်မှုမှာ ဉာဏ်ရည်ပိုမိုထက်မြက်ပြီး ကုန်ထုတ်စွမ်းအားမြင့်မားသော စီးပွားရေးစနစ်တစ်ခုကိုဖန်တီးနိုင်ရန်အတွက် ဤအခြေခံအုတ်မြစ်များကို အသုံးချသွားရန်ပင်ဖြစ်သည်။ ❖

ဤချဉ်းကပ်မှုပုံစံသည် AI စီမံအုပ်ချုပ်မှုဆိုင်ရာ ကျယ်ပြန့်သောအာဆီယံ(ASEAN)၏ ကြိုးပမ်းအားထုတ်မှုများနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ဒေသတွင်းမူဝါဒသဘောတရားများနှင့် ကိုက်ညီမှုရှိစေခြင်းအားဖြင့် ဘရူနိုင်းနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ်ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်နိုင်မည်ဖြစ်ပြီး အရှေ့တောင်အာရှတစ်ဝန်းလည်ပတ်အသုံးပြုနေသော AI နည်းပညာစနစ်များအပေါ် ယုံကြည်မှုပိုမိုတိုးပွားလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

Government of the Republic of the Union of Myanmar holds Kathina robe-offering ceremony for 2026



The Kathina robe-offering ceremony for 2026, organized by the Government of the Republic of the Union of Myanmar, in progress.

Nay Pyi Taw November 19

The Government of the Republic of the Union of Myanmar held a Kathina robe-offering ceremony for 2026 at the Agga Dipati Sasana Beikmandaw in the premises of the Buddha Park of the Maravijaya Buddha Image, Dekkhinasiri Township, Nay Pyi Taw, Union Territory this morning. President of the Republic of the Union of Myanmar U Min Aung Hlaing and his wife Daw Kyu Kyu Hla attended the ceremony and donated kathina robes and kathina offertories.

Present at the ceremony to pay respects to 27 invited venerable Sayadaws led by Chairman of State Sangha Maha Nayaka Committee (SSMNC) Chief Patron of Thanlyin Minkyaung Pathamabyan religious school Sayadaw Abhidhaja Maha Rattha Guru Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa and Secretary of SSMNC Chief Patron of Masoeyein Taikthit monastery Sayadaw of Dhamma Thamaindi pariyati school Agga Maha Pandita Agga Maha Saddhamma Jotiladhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa together with the President and wife were Vice President U Nyo Saw and wife Daw San San Aye, Vice President Daw Nan Ni Ni Aye, Speaker of Pyithu Hluttaw U Khin Yi and wife, Speaker of Amyotha Hluttaw U Aung Lin Dwe and wife, Union Chief Justice U Tha Htay, Commander-in-Chief of Defence Services General Ye Win Oo and wife, union level dignitaries, union ministers and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander and officials.

First, the President paid homage to Maravijaya Naungdawgyi Buddha Image in the Agga Dipati Sasana Beikmandaw and offered a meal in the Emerald Bowl, fruits, flowers, water and oil lamps.

The congregation led by the President and wife observed the decorated stands displayed and prepared for offering.

The congregation opened the ceremony by reciting namotassa three times. The SSMNC Chairman Sayadaw administered the Nine Precepts, followed by the recitation of suttas by the Sayadaws.

President U Min Aung Hlaing and wife Daw Kyu Kyu Hla presented kathina robes and offertories to the SSMNC Chairman Sayadaw and Sayadaw Bhaddanta Tejobhasa of Razadhani Thamanaykyaw monastery, Ottarasiri Township, Nay Pyi Taw Council Area, the Kathina recipient monastery.

Vice President U Nyo Saw and wife presented kathina robes and offertories to the SSMNC Secretary Sayadaw, and Vice President Daw Nan Ni Ni Aye to Sayadaw Abhidhaja Maha Rattha Guru Bhaddanta Adiccavamsa of Waegyi pariyatti school in Pobbasiri Township, Nay Pyi Taw Council Area.

The Pyithu Hluttaw Speaker and wife, the Amyotha Hluttaw Speaker and wife, the Union Chief Justice, the Commander-in-Chief of Defence Services and wife, union level dignitaries, and union ministers donated kathina robes and offertories to Sayadaws.

The President and wife and the congregation reverently listened to the dhamma questions and answers on kahtein of Section Head Sayadaw Maha Ganthavacaka Pandita Bhaddanta Kontinna of Ngwetaung Tawya Monastery and State Ovadacariya Sayadaw Agga Maha Ganthavacaka Pandita Bhaddantissa of Ohndaw Monastery.

The President and wife and the congregation meditated on Kathhina Anumodana delivered by Sayadaw of Dhammasamiddhi monastery and shared the merits gained.

The ceremony concluded with the recitation of Buddha sasanmciramtithatu three times. The President and wife and the congregation offered a day meal to Sayadaws led by the SSMNC Chairman Sayadaw.

At the Kathina robe-offering ceremony for 2026 of the Government of the Union of Myanmar, 48 donation stands worth over 104.6 million kyats and donation in cash worth over 167.1 million kyats, totalling over 271.7 million kyats were donated.

MNA



President U Min Aung Hlaing and wife Daw Kyu Kyu Hla present kathina robes and offertories to a Sayadaw.



President U Min Aung Hlaing observes stands decorated with kathina robes and offertories.

India prepares for cyclone Akvan

New Delhi November 19

Nearly 100,000 people were evacuated and relocated to safer places in several districts of India's eastern state of Odisha on Thursday, ahead of the severe cyclone Akvan, which was likely to make landfall on Friday.

This would be the third severe cyclone hitting the country's eastern coastal areas within a month. Heavy rains were expected in the affected areas.

Odisha state government authorities said that an assessment was being made and more people would be evacuated to safer places over the next 12 hours. Nearly 74 rescue teams were deployed to carry out relief and rescue operations in the affected areas.

State government agencies ensured that essential food items were distributed well in advance in remote and far-flung areas.

Xinhua

BIMSTEC Secretary-General pays a courtesy call on President U Min Aung Hlaing



President U Min Aung Hlaing receives Mr. Indra Mani Pandey, Secretary-General of BIMSTEC.

Nay Pyi Taw November 19

H.E. Mr. Indra Mani Pandey, Secretary-General of BIMSTEC, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present at the meeting with the President were Union Minister at the Office of the President U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe and officials, while the BIMSTEC Secretary-General was accompanied by officials.

During the meeting, they cordially and openly exchanged views on matters relating to BIMSTEC, which promotes effective cooperation among its member states without political interference in one another's internal affairs, and Myanmar's full cooperation with the organization. They also discussed Myanmar's assumption of the responsibility of BIMSTEC Secretary-General in the near future and its commitment to making every effort to fulfil the duties to the best of its ability; the need for BIMSTEC member states to cooperate in supporting the development of its landlocked member countries, Nepal and Bhutan, as well as their disaster preparedness, prevention, relief and rescue efforts; preparations for the upcoming celebration of the 30th anniversary of the establishment of BIMSTEC; and ways to further strengthen relations and promote closer interactions and exchanges among the governments and peoples of BIMSTEC member states.

MNA

Vice-President U Nyo Saw Receives Ambassador of Sri Lanka to the Republic of the Union of Myanmar H.E. Ms. Prabashini Ponnamperuma

Nay Pyi Taw November 19

Vice-President U Nyo Saw received Ambassador of Sri Lanka to the Republic of the Union of Myanmar H.E. Ms. Prabashini Ponnamperuma at the Credentials Hall of the Office of the President in Nay Pyi Taw at 2:00 pm today.

During the meeting, they cordially and candidly exchanged views on the status of ongoing efforts for economic development, further strengthening existing bilateral relations between Myanmar and Sri Lanka, and prospects for cooperation in trade and investment, religious affairs and culture, tourism, the air transport sector, and the defense sector between the two countries.

Also present at the meeting together with the Vice-President were Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials.

MNA



Vice-President U Nyo Saw receives Ambassador of Sri Lanka to Myanmar Ms. Prabashini Ponnamperuma.

YeU Township grow more than 1,000 acres of green gram this year

YeU November 19

Over 1,000 acres of green gram have been cultivated during this year's winter crop planting season in YeU Township, Sagaing Region, according to figures from the YeU Township Department of Agriculture.

For the current 2026-2027 winter crop season, the township initially targeted 355 acres for green gram cultivation. Sowing commenced in October, and a total of 1,410 acres have been planted to date.

"This year, during the winter cropping season, we set a target of 355 acres for green gram in YeU Township. As of today, over 1,000 acres have already been planted. We are providing support to meet and exceed the cultivation targets. During the planting season, we also conduct field visits to deliver essential technical know-how, quality seeds, and pest and disease control methods," said Daw Aye Nyein Thant, head of the YeU Township Department of Agriculture.

To support local green gram farmers, the Township Department of Agriculture provides educational outreach on obtaining certified, locally adaptable quality seed varieties, adopting proper cultivation techniques, preventing pest infestations, systematically applying chemical fertilizers, and boosting crop yields.

Furthermore, during this winter season's pulse cultivation, the relevant township agricultural department is collaborating directly with local farmers to provide the necessary quality seeds, agricultural inputs, and post-harvest technology to improve both the yield and quality of pulses.

206

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Tatmadaw captures additional temporary camps of combined terrorist groups along Mon State and Bago Region border; a total of 28 camps captured, including Special Regional Military Headquarters of CRPH and NUG terrorists



Tatmadaw columns capturing additional camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDFs—in the Theinzayat-Kyaikto and Shwegyin areas.

Nay Pyi Taw November 19

Tatmadaw columns have been systematically advancing to attack and clear out temporary bases and hideouts occupied by combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and their subordinate so-called PDF terrorists—who have been taking shelter and carrying out destructive acts within Kyaikto Township and Shwegyin Township along the border of Mon State and Bago Region. Previously, news was released that Tatmadaw columns attacked and captured 11 temporary insurgent camps, including the Special Regional Military Headquarters of the CRPH and NUG terrorist insurgents, in the vicinity of Hteekalar Creek near Point 480 Hill in Shwegyin Township, Bago Region, seizing a large quantity of weapons and ammunition.

Subsequently, to ensure that combined terrorist insurgent groups could no longer take shelter or reside in these areas, Tatmadaw columns systematically carried out necessary preparations and troop formations, working diligently on regional security operations with the cooperation of local residents. Through these efforts, they attacked and captured 2 temporary camps occupied by combined terrorist insurgent groups near Hteekalar Creek, northeast of Theinzayat Town, on November 9; 2 temporary camps occupied by combined terrorist insurgent groups, including KNLA Brigade (1), Battalion (3), near Kawthtee Creek, northeast of Theinzayat Town, on November 10; 2 temporary camps occupied by combined terrorist insurgent groups near Kawtkalaw Creek, northeast of Theinzayat Town, on November 12; 2 temporary camps occupied by combined terrorist insurgent groups near Kawtghtee Creek, northeast of Theinzayat Town, on November 13; 1 temporary camp occupied by combined terrorist insurgent groups near Kawkat Village, northeast of Theinzayat Town, on November 15; 3 temporary camps occupied by combined terrorist insurgent groups in the vicinity of Nat Sin Village and Kyauk Phya Village, east and southeast of Theinzayat Town, on November 16; 1 hideout used for medical treatment by combined terrorist insurgent groups near Chaungsauk Village, southeast of Theinzayat Town, on November 17; and Chaungsauk Village itself on November 18, which the terrorist insurgents had forcibly entered at gunpoint to use as a military camp and main base of operations for carrying out destructive activities. Continuing their operations, Tatmadaw columns expanded their territorial gains and relentlessly pursued the terrorist insurgents who were retreating and fleeing in disarray without direction, attacking and capturing an additional 3 temporary camps occupied by combined terrorist insurgent groups in the vicinity of Chaungsauk Village today, November 19.

During these operations to capture the temporary camps of the combined terrorist insurgent groups, 13 engagements took place, resulting in the capture of 17 camps belonging to the combined groups of KNU, KNLA, CRPH, NUG, and so-called PDF terrorist insurgents. From the insurgents, Tatmadaw columns seized 7 dead bodies (including 2 terrorist leaders), 37 assorted weapons, 8,345 rounds of assorted ammunition, 63 assorted magazines, 363 assorted grenades/shells, 113 assorted mines, 2,158 assorted accessories, 2 4x4 motor vehicles, 1 locally made motor vehicle, insurgent camouflage uniforms, bulletproof vests/helmets, living tents, communication radios, firing trenches, bunkers, office equipment including computers, accessories used for terrorist bombings and destruction, rations, medical supplies, and many other utility items. It is reported that due to the courageous, sacrificial, and coordinated offensive operations of the Tatmadaw columns—in accordance with their motto "Advance Bravely, Attack Bravely, Annihilate Bravely"—the combined terrorist insurgent groups suffered heavy casualties and losses and fled in disarray.

Overall, during the Tatmadaw columns' efforts to attack and clear out the temporary bases of the combined terrorist insurgent groups committing destructive acts in Kyaikto and Shwegyin Townships from November 3 to today, *See Page 14*



Weapons, ammunition, grenades, mines, and related accessories seized from the terrorist insurgents.



Weapons, ammunition, grenades, mines, and related accessories seized from the terrorist insurgents.






Weapons, ammunition, grenades, mines, and related accessories seized from the terrorist insurgents.




Weapons, grenades, mines, and related accessories seized from the terrorist insurgents.

From Page 13

a total of 18 major and minor clashes occurred. Tatmadaw forces successfully attacked and captured 28 KNU and KNLA camps, including the Special Regional Military Headquarters of the CRPH and NUG terrorist insurgents, seizing 7 dead bodies, 134 assorted weapons, 13,719 rounds of assorted ammunition, and a vast quantity of assorted mines, grenades/shells, and other related equipment.

The combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and their subordinate so-called PDFs—have been taking temporary shelter in hard-to-reach forests and mountains along the border of the Theinzayat-Kyaikto area in Mon State and Bago Region. Using profits gained from various unlawful and illicit means, they have been purchasing and stockpiling weapons, ammunition, and explosives to commit destructive acts. Relying on armed force, they have been bullying and oppressing local ethnic residents by constructing temporary camps inside and around villages, building sandbag bunkers in local residents' homes, religious buildings, and schools, extorting money, recruiting new members, labeling Buddhist monks, local residents, and loyal civil servants in villages that do not support them as dalan (informants) and arresting, torturing, and murdering them, extorting money from cargo trucks and passenger vehicles, and planting mines along communication routes and *See Page 15*



Medicines and medical supplies seized from the terrorist insurgents' hideout used for medical treatment.




Medicines and medical supplies seized from the terrorist insurgents' hideout used for medical treatment.



View of the hideout used for medical treatment and related accessories seized from the terrorist insurgents.



View of the hideout used for medical treatment and related accessories seized from the terrorist insurgents.




View of the hideout used for medical treatment and related accessories seized from the terrorist insurgents.



Tatmadaw columns capturing camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDFs—in the Theinzayat-Kyaikto and Shwegyin areas.



Tatmadaw columns capturing villages that combined terrorist insurgent groups had forcibly entered at gunpoint and were using as military camps.



Tatmadaw columns capturing camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDFs—in the Theinzayat-Kyaikto and Shwegyin areas.



Tatmadaw columns capturing camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDFs—in the Theinzayat-Kyaikto and Shwegyin areas.



Tatmadaw columns capturing camps of combined terrorist insurgent groups—including KNU, KNLA, CRPH, NUG, and so-called PDFs—in the Theinzayat-Kyaikto and Shwegyin areas.

From Page 14

blowing up roads and bridges, among various other acts of terrorism.

Therefore, it is reported that the Tatmadaw is continuing to intensify necessary regional security operations, with the cooperation of local residents, to ensure that armed terrorist insurgents—who are disrupting and destroying national peace, stability, and regional development through various means—cannot establish bases, take shelter, or carry out terrorist acts in any region. 100

Systematic demolition of illegal buildings used in online scam/ gambling in Shwe Kokko (Part-II) continues



Systematic continuation of the demolition of a five-story building used for committing online gambling offenses within Part-II of the Shwe Kokko area.

Before demolition.



Demolition using heavy machinery.

Nay Pyi Taw November 19

As the government has systematically carried out complete and systematic demolition of illegal buildings in Shwe Kokko, where most online scams and gambling were operated, so that they cannot be used again for such crimes, the dismantling of two 5-storey illegal buildings under mechanical demolition among those left for destruction in Shwe Kokko (Part-II) completed up to 70 percent and 10 percent respectively today.

A total of 63 buildings used in online scams and gambling and left for dismantling in Shwe Kokko (Part-II) were scheduled for mechanical demolition, detonation and manual dismantling floor by floor due to their proximity to residences based on their types and systematic demolition works were being carried out. A total of 12 buildings including four scheduled for detonation and eight for mechanical demolition have been knocked down and plans are underway to systematically demolish the remaining 51 buildings.

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security. 100

All plantations of sweet corns reaped in Sagaing Township

Sagaing November 19

Sagaing Township Agriculture Department stated that local farmers have reaped all sown acreage of sweet corns in Sagaing Township this year.

A total of 6,407 acres of sweet corn were cultivated in Sagaing Township during this year's monsoon crop season. Harvesting of the cultivated corn fields began in September this year, and all 6,407 acres have now been fully harvested, with a yield of more than 21,000 ears of corn per acre, according to the Sagaing Township Agriculture Department.

"This year, a total of 6,407 acres of sweet corn were cultivated in Sagaing Township during the monsoon crop season. All the cultivated acres have now been fully harvested. To ensure successful crop growth and production, we provided farmers with agricultural knowledge and guidance, including preventive measures against pest and disease outbreaks," said U Myo Thant Aung, Head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department provided training and conducted field demonstrations for farmers cultivating both maize and sweet corn in Sagaing Township. Farmers were also given guidance on preventive measures against fall armyworm infestations and the use of integrated pest management methods, including neem-based pesticides and ginger- and chilli-based pest control solutions.

In Sagaing Township, maize yields more than 50 baskets per acre, with cultivation costs amounting to approximately K500,000 per acre. Sweet corn yields approximately 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206



A sweet corn plantation.

ရေဖုံးမှအဆက်

အဘိဓေမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ပင့်ဖိတ်ထားသောဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဉင်ရှိန့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညိုး၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးအမှူးပြုသော ဇည့်ပရိသတ်များသည် လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။





အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးအတွင်းရှိ မာရဝိဇယနောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။ မြသပိတ် ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။



သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ လှူဒါန်းရန်အတွက် ခင်းကျင်းပြင်ဆင်ထားသည့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။

❖ **လှေလှော်ပြိုင်ပွဲမှ**

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်ယားကန်ရှိမြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ စတင်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ ရှုစ်တက်လှော်ပြိုင်ပွဲ၊ ၁၆ တက်လှော်ပြိုင်ပွဲ၊တက် ၂၀ လှော်ပြိုင်ပွဲများနှင့် အမျိုးသား၊ အမျိုးသမီး မီတာ ၂၀၀ ၁၀တက်လှော်ပြိုင်ပွဲ၊ ရှုစ်တက်လှော်ပြိုင်ပွဲ၊ ၁၆တက်လှော်ပြိုင်ပွဲ၊ တက် ၂၀ လှော်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသား+အမျိုးသမီး မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ရှုစ်တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၈ ဒသမ ၅၃ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၂၉ ဒသမ ၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၁ ဒသမ ၂၀ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၀ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၅ ဒသမ ၄၀ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၅ ဒသမ ၉၄ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၄ ဒသမ ၂၇ စက္ကန့်ဖြင့် ပဲခူးတိုင်းဒေသကြီးအသင်းက တတိယ၊ တက် ၂၀ လှော်ပြိုင်ပွဲတွင် စံချိန် ၁ မိနစ် ၅၃ ဒသမ ၁၇ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၁ မိနစ် ၅၆ ဒသမ ၉၅ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၄ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယတို့ကိုရရှိခဲ့သည်။

အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ရှုစ်တက်လှော်ပြိုင်ပွဲတွင် စံချိန် ၅၇ ဒသမ ၅၇ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၅၉ ဒသမ ၂၁ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၆၀ ဒသမ ၀၃ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယ၊ ၁၆ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၅၈ ဒသမ ၁၇ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၅၉ ဒသမ ၂၁ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၆၀ ဒသမ ၀၃ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယတို့ကိုရရှိခဲ့သည်။

အမျိုးသား မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၁၀ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၁ ဒသမ ၃၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၃ ဒသမ ၃၃ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၃ ဒသမ ၅၅ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၆ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၅ ဒသမ ၀၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၅ ဒသမ ၂၀ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၆ ဒသမ ၂၃ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက တတိယတို့ကို ရရှိခဲ့သည်။

အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ရှုစ်တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၇ ဒသမ ၉၂ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၉ ဒသမ ၀၂ စက္ကန့်ဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၂၃ ဒသမ ၅၂ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက တတိယ၊ ၁၆ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၁၃ ဒသမ ၅၈ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက ပထမ၊ စံချိန် ၂ မိနစ် ၁၄ ဒသမ ၀၂ စက္ကန့်ဖြင့် မွန်ပြည်နယ်အသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၁၄ ဒသမ ၂၀ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက တတိယတို့ကိုရရှိခဲ့သည်။

အမျိုးသမီး မီတာ ၅၀၀ ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် ၁၀ တက်လှော်ပြိုင်ပွဲတွင် စံချိန် ၂ မိနစ် ၂၅ ဒသမ ၄၁ စက္ကန့်ဖြင့် ဧရာဝတီတိုင်းဒေသကြီးအသင်းက ပထမ၊ စံချိန် ၂ မိနစ် ၂၂ ဒသမ ၀၉ စက္ကန့်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ စံချိန် ၂ မိနစ် ၃၆ ဒသမ ၅၃ စက္ကန့်ဖြင့် ရှမ်းပြည်နယ်အသင်းက တတိယတို့ကို ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်(ယနေ့) နံနက် ဓနာရီခွဲမှစ၍ ရန်ကုန်မြို့ အင်ယားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၌ ၂၀၂၆ ခုနှစ်တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား+အမျိုးသမီး မီတာ ၂၀၀ ၁၀ တက်လှော်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ ၁၀ တက်လှော်ပြိုင်ပွဲနှင့် အမျိုးသမီးမီတာ ၂၀၀ ၁၀ တက်လှော်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့်မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့်အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်လှေလှော်ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှပြိုင်ပွဲဝင် အမျိုးသားအသင်း ကိုးသင်း၊ အမျိုးသမီးအသင်း ခုနစ်သင်း၊ စုစုပေါင်းပြိုင်ပွဲဝင် ၂၄ဖွဲ့ ဦးဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမို ကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

ယင်းနောက် အခမ်းအနားကို “နမော တဿ” သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ရာဇဓာနီသာမဏေကျော်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တတေဇောဘာသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညီဦစောနှင့် ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မဓိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံလည်းကောင်း၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံလည်း ဌေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော် မဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညနှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ပျဉ်းမနားမြို့ အုန်းတောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တတိသတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုအဝေးတွင် ပဒေသာပင် ၄၈ ပင် တန်ဖိုးငွေကျပ် ၁၀၄၆ သိန်းကျော်နှင့် လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၆၇၁ သိန်းကျော်ဖြစ်သဖြင့် စုစုပေါင်းလှူဒါန်းမှုမှာ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၇၁၇ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မဓိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးထံ ဒုတိယသမ္မတ ဦးညီဦစောနှင့်ဇနီး ဒေါ်စမ်းစမ်းအေး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စဝံသထံ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီနှင့် ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတော်သမ္မတ ဒေါက်တာ မိုဟာမက်ရှာဟာဗုဒ္ဓိန်းတို့ ဝန်ကြီးဌာနဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ကြပုံ။

☆ ကျောဖုံးမှအဆက်

နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ်နှင့်အတူ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဘင်္ဂလားဒေ့ရှ်သည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့် အဖွဲ့ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် တာဝန်လွှဲပြောင်းရယူ ထမ်းဆောင်ရမည်ဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ဆက်လက်ကောင်းမွန်စွာ ကျင်းပသွားမည့် အခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်အစိုးရသစ်ဖြင့် ဒေါက်တာယူနပ်ကို ဝန်ကြီးချုပ်အဖြစ် ဆက်လက်ထမ်းဆောင်သ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ နိကာရာဂွာနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိကာရာဂွာနိုင်ငံသံအမတ်ကြီး H.E. Mr. Segundo Martin Calero Escorcia အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်သံအမတ်ကြီးကို မိမိတို့ ပြည်သူ့လွှတ်တော်က လှိုက်လဲစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပထမဆုံး ခန့်အပ်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၆ ရက်မှစ၍ထူထောင်ခဲ့ကြပြီး နှစ်နိုင်ငံသံရုံးများ အပြန်အလှန်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ကြပါကြောင်း ပြောကြားသည်။

ထို့နောက် နိကာရာဂွာသံအမတ်ကြီးက ပြောကြားရာတွင် ယခုကဲ့သို့တွေ့ဆုံခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံကြား အစိုးရချင်းပူးပေါင်းဆောင်ရွက်မှုသာမက လွှတ်တော်အချင်းချင်း ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးနှင့် အပြန်အလှန် နားလည်မှုစာချုပ်လွှာ (MoU) ရေးထိုးခြင်းနှင့် အခြားကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လေ့လာရေးခရီးစဉ်များနှင့် အတွေ့အကြုံအမြင်ချင်း ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း မိမိတို့နှစ်နိုင်ငံ၏ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆွေတော်၏ ပြောကြားချက်များကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသည် ယခုမှ စတင်ထူထောင်ကြသော်လည်း ကုလသမဂ္ဂ၊ ဘက်မလိုက်အဖွဲ့၊ WTO၊ IPU တို့တွင် အတူပါဝင်ခဲ့ကြသူများဖြစ်၍ မိတ်ဆွေနိုင်ငံများပင်ဖြစ်ကြသည်ဟု ဆိုနိုင်ပါကြောင်း၊ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံတွင် စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ မိမိတို့နိုင်ငံ၏ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့လွှတ်တော်တွင် နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအခါ အစိုးရချင်းပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများ တိုးမြှင့်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ လွှတ်တော်ရေးရာကော်မတီများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများနှင့် ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလာစေရန် အဆွေတော်၏ ကမ်းလှမ်းပြောကြားချက်များကို အထူးကြိုဆိုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများစတင်နိုင်ရန် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သံတမန်အတွေ့အကြုံကြွယ်ဝသည့် သံအမတ်ကြီး တာဝန်ထမ်းဆောင်နေစဉ် ကာလတွင် မိမိတို့နှစ်နိုင်ငံ၏ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ ဆီထွက်သီးနှံမှ

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဆီဖူလုံမှုတိုးတက်ရေးကိုဆောင်ရွက်ရာမှာ ရည်မှန်းချက်အနေနဲ့ ၂၀၂၆-၂၀၂၇ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ၁၀၇ ဒသမ ၆၁ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ၅၈ ဒသမ ၆၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာဆိုရင် ၃၇ ဒသမ ၇၆ ရာခိုင်နှုန်းနဲ့ ပြည်နယ်အတွက် ၇၄ ဒသမ ၃၁ ရာခိုင်နှုန်းတိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးငြိမ်းထွန်းက ပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပန်းနှမ်းနှင့် ဆီမုန်လာတို့ကို နှစ်စဉ် စိုက်ပျိုးလျက်ရှိပြီး အဆိုပါဆီထွက်သီးနှံခြောက်မျိုးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်ပိုင်းထိ မြေပဲ ၁၀၅၂၅ ဧက၊ နှမ်း ၈၈ ၃၁၇၆၀ နှင့် နေကြာ ၈၈ ၁၃၅၄၀ ဖြင့် စုစုပေါင်း ၁၅၀၅၂၅ ဧက စိုက်ပျိုးခဲ့ပြီး ၁၀၉၄၈၄ ဧက ရိတ်သိမ်းခဲ့သည်။

စားသုံးဆီဖူလုံမှုတိုးတက်လာစေရေးအတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယဖြို့နယ်တို့တွင် ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ခုနှစ်၌ မြေပဲနှင့်နေကြာသီးနှံ ၂၂၄၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကာ ၂၀၂၆-၂၀၂၇ ခုနှစ်၌ ဆီထွက်သီးနှံအထူးဇုန်များကို တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ လင်းခေး၊ မိုင်းတုံ မြို့နယ်တို့၌ မြေပဲ၊ နှမ်း၊ နေကြာ ၂၄၅၇၉ ဧကစိုက်ပျိုးထုတ်လုပ်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။

ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်ဧကများအတွက် စပါး၊ နေကြာ၊ မြေပဲနှင့်ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ၂၀၂၆-၂၀၂၇ ခုနှစ်၌ တစ်ဧကလျှင် ယူရီးယားဓာတ်မြေ ၁၅၀ တစ်အိတ်၊ ကွန်ပေါင်းဓာတ်မြေ ၁၅၀တစ်အိတ်နှင့် သဘာဝဓာတ်မြေ ၁၅၀ လေးအိတ်နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ **သစ္စာ(MNA)**

❍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းမှ

အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၀၀ ခန့်နှင့် ပူရီမြို့၏ တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။ အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်” သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၀ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ဩရိသာပြည်နယ်တောင်ပိုင်းတို့ကို နာဆာပူမြို့နှင့် ပူရီမြို့တို့ကြား ဂိုလ်ပါပူမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် ယနေ့ နေ့လယ်မှ နိုဝင်ဘာ ၂၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း “အက်ဗန်”၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့်မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/၈လ)**

၁၉-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၈၁၇,၀၁၃.၇၀	-	၁၃,၆၆၇,၆၅၀.၁၃	-

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဗော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မလေးရှားနိုင်ငံ တီရန်ဒတ်စက်ပစ်ကွင်းထက်ဝယ် တောက်ပခဲ့သည့် မြန်မာ့တပ်မတော်၏ဂုဏ်ရောင်



နိုင်ငံတကာဆက်ဆံရေးနှင့် စစ်ဘက်ဆိုင်ရာ သံတမန်ရေးရာနယ်ပယ်တွင် အားကစားသည် ယုံကြည်မှုတည်ဆောက်ရန်အတွက် အကောင်းဆုံးသော ပေါင်းကူးတံတားများအနက် တစ်ခုဖြစ်သည်။ ယခု မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သော (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသည် စစ်ရေးစွမ်းရည်ပြသရုံသက်သက်မျှမဟုတ်ဘဲ ဒေသတွင်း တပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကိုပိုမိုခိုင်မာစေသည့်သမိုင်းဝင်ပြိုင်ပွဲကြီးဖြစ်သည်။ စစ်သည်တော်များ၏ ပစ်ခတ်မှုစွမ်းရည်များနှင့်အတူ ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ခိုင်မာသောအုတ်မြစ်များကို စိုက်ထူပေးလျက်ရှိနေသည်။

သမိုင်းကြောင်းနှင့်အစဉ်အလာ

အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(AARM)ကို ၁၉၉၁ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ်တာဝန်ယူကျင်းပလာခဲ့ကြရာ ယခုအခါ (၃၄) ကြိမ်မြောက်သို့ပင် အောင်မြင်စွာ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲ၏အဓိကရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) တပ်များအကြား စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် အတွေ့အကြုံသစ်များကို အပြန်အလှန်ဖလှယ်ရန်ဖြစ်သည်။ ထို့ပြင် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ရေရှည်တည်တံ့သော အပြန်အလှန်ယုံကြည်မှုများကို အားကစားမှတစ်ဆင့် ခိုင်မာစွာ တည်ဆောက်ရန် ရည်ရွယ်ထားသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအနေဖြင့် ၂၀၀၀ ပြည့်နှစ် (၁၀)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲမှစတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဖောင်ကြီးနယ်မြေခံတပ်၌ စတင်စုဖွဲ့လေ့ကျင့်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဗထူးတပ်မြို့သို့ ပြောင်းရွှေ့စုဖွဲ့လေ့ကျင့်၍ ၂၀၁၃ ခုနှစ်မှစတင်ကာ ပြင်ဦးလွင်နယ်မြေခံတပ်၏ တပ်မတော်စက်ပစ်ကွင်းသို့ ပြောင်းရွှေ့စုဖွဲ့ လေ့ကျင့်လျက်ရှိသည်။

အဓိကပြိုင်ပွဲအမျိုးအစားများ

ပြိုင်ပွဲကြီးအတွင်း စစ်သည်တစ်ဦး၊ ချင်းစီ၏ ထူးချွန်သောကျွမ်းကျင်မှုနှင့် အဖွဲ့လိုက် ဟန်ချက်ညီမှုကိုစမ်းသပ်သည့် အဓိကပြိုင်ပွဲအမျိုးအစား ငါးမျိုးပါဝင်ယှဉ်ပြိုင်ကြရသည်။ အဆိုပါပြိုင်ပွဲအမျိုးအစားများတွင် ရိုင်ဖယ် (Rifle)၊ ကာဘိုင် (Carbine) နှင့် ပစ္စတို (အမျိုးသား) ပြိုင်ပွဲတို့ပါဝင်ကြသည်။ ထို့အတူ ပစ္စတို (အမျိုးသမီး) နှင့် စက်သေနတ် (Machine Gun) ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ ဤပြိုင်ပွဲအမျိုးအစားအသီးသီးမှာ ခေတ်မီစစ်ဆင်ရေးများတွင်လိုအပ်သော တိကျသေချာမှုနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို အကောင်းဆုံး စမ်းသပ်ပေးနိုင်သည့် အပိုင်းများဖြစ်ကြသည်။

မြန်မာ့တပ်မတော်အသင်း၏ ကြိုတင်ပြင်ဆင်မှုများ

နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးတွင် နိုင်ငံတော်၏ဂုဏ်ကို အကောင်းဆုံးဆောင်ကြဉ်းနိုင်ရန် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲမတိုင်မီ လပေါင်းများစွာကတည်းက စနစ်တကျ စုဖွဲ့လေ့ကျင့်ခဲ့ကြသည်။ အသင်းသားများအနေဖြင့် နေပူမရှောင်၊ မိုးရွာမရှောင်ဘဲ ပြင်းထန်သော ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို အစွမ်းကုန်ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

ခေတ်မီ၍နည်းစနစ်ကျသော ပစ်ခတ်မှုလေ့ကျင့်ခန်းများကို အချိန်ပြည့် လေ့ကျင့်ပြင်ဆင်ခဲ့ကြခြင်းက အသင်း၏စွမ်းဆောင်ရည်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သည်။ ဤကဲ့သို့သော လုံလဝီရိယစိုက်ထုတ်မှုများသည် ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် အကောင်းဆုံးသော အာမခံချက်တစ်ရပ်ပင်ဖြစ်သည်။

သေနတ်ပစ်အားကစားတွင် လက်ကိုင်နည်းစနစ် (Hold control) သာမက ဖိအားများအောက်တွင် စိတ်တည်ငြိမ်မှုထိန်းသိမ်းနိုင်ရေး (Balance and Mental Composure)က အလွန်အရေးကြီးသည်။ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်စဉ် ကြံ့တွေ့ရမည့် မည်သည့်စိတ်ဖိစီးမှုကိုမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် အထူးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြပုစ္ဆည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရန်နှင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်နိုင်ရန် အထူးလေ့ကျင့်ခဲ့ကြပြီး အမှားအယွင်း အနည်းဆုံးဖြစ်စေရန် အတွက် ပစ်ခတ်မှုနည်းနာများကို အသေးစိတ်အထိ ပြန်လည်သုံးသပ်ဆွေးနွေးလေ့ရှိကြသည်။ ဤကဲ့သို့ စနစ်တကျပြင်ဆင်လေ့လာမှုများကြောင့် မြန်မာအသင်းသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီသော အဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အသင်းသားတိုင်း၏ ရင်ထဲတွင် “ငါတို့ပြိုင်ပွဲဝင် ယှဉ်ပြိုင်သည့် ကျည်တစ်တောင့်စီတိုင်းသည် အမိနိုင်ငံတော်၏ ဂုဏ်သိက္ခာအတွက်ဖြစ်သည်” ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ရှိနေကြသည်။ အဆိုပါ မျိုးချစ်စိတ်ဓာတ်ပြင်းပြမှုကပင် သူတို့၏ပစ်ခတ်မှုတိုင်းကို ပိုမိုတိကျသေချာစေရန် တွန်းအားပေးနေခဲ့သည်။ နိုင်ငံတော်၏အလံကို ပြိုင်ပွဲတွင် လွှင့်ထူနိုင်ရန်အတွက် တစ်ဦးချင်းစီတိုင်းက မိမိတို့၏ အကောင်းဆုံးစွမ်းဆောင်ရည်များကို ထုတ်ဖော်ပြသခဲ့ကြသည်။ ထိုသို့သော စွန့်လွှတ်စွန့်စားလိုသည့် စိတ်ဓာတ်နှင့် ဇွဲလုံ့လတို့က မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်စဉ် ကြုံတွေ့ရမည့် မည်သည့် စိတ်ဖိစီးမှုကိုမဆို ရင်ဆိုင်ကျော်ဖြတ်နိုင်ရန် အထူးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု အပြည့်အဝရှိခြင်းကြောင့်သာ အသင်းသားများသည် ပြိုင်ဆိုင်မှုပြင်းထန်သော ပစ်ကွင်းများတွင် အမှားအယွင်းကင်းစွာ ပစ်ခတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤစွမ်းရည်သည် ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်သားတို့၏ သတ္တိနှင့်ဇွဲလုံ့လကို ပေါ်လွင်ထင်ရှားစေသော အဓိကအချက်တစ်ချက်ပင်ဖြစ်သည်။

နေ့စဉ်နှင့်အမျှပြုလုပ်ခဲ့ကြသည့် တိကျသေချာသော အလေ့အကျင့်ကောင်းများသည် အသင်း၏ နည်းစနစ်ပိုင်းဆိုင်ရာ စွမ်းရည်များကို အဆင့်အတန်းတစ်ရပ်သို့ ရောက်ရှိစေခဲ့သည်။ ခေတ်မီစစ်လက်နက်တပ်မတော်သားများ၏ မွန်မြတ်သော ဂုဏ်ရည်ကို ဖော်ညွှန်းလျက်ရှိနေသည်။

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ အစဉ်အလာကောင်းများ

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းသည် AARM ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်းများကို အခိုင်အမာစိုက်ထူနိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်သည်။ ယခင်နှစ်များစွာက ကျင်းပခဲ့သော ပြိုင်ပွဲများတွင်လည်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်ပေါင်းများစွာကို အကြိမ်ကြိမ်ဆွတ်ခူးနိုင်ခဲ့ဖူးပြီး မြန်မာ့တပ်မတော်၏ သေနတ်ပစ်စွမ်းရည်မည်မျှထက်မြက်ကြောင်းကို သက်သေအသင်းလိုက်အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု၊ တစ်ဦးချင်းပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ စုစုပေါင်း ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်လေးနေရာ၌ ရပ်တည်နိုင်သည်အထိ အကောင်းဆုံးလက်စွမ်းပြယှဉ်ပြိုင်နိုင်ခဲ့သည်။ အိမ်ရှင်နိုင်ငံ၏ ရာသီဥတုနှင့်မတူညီသည့် ပစ်ကွင်း အခြေအနေသစ်များကို အမြန်ဆုံးအသားကျအောင် ကြိုးပမ်းခဲ့ကြပြီး အသင်းခေါင်းဆောင်၏ စနစ်တကျကွပ်ကဲမှုနှင့် အသင်းသားများ၏ စုစည်းညီညွတ်မှုတို့က အခက်အခဲ

စာမျက်နှာ ၂၁ သို့

(၃၄)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်အသင်းကောင်းတစ်သင်းအဖြစ် နိုင်ငံတော်နှင့်တပ်မတော်၏ဂုဏ်ဒြပ်ကို ဖော်ညွှန်းပြသနိုင်ခဲ့ပြီဖြစ် . . .

အသင်းသားများ၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်တို့က မြန်မာ့တပ်မတော်၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထွန်းလင်းတောက်ပစေခဲ့ပြီဖြစ် . . .

မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ ခြေလှမ်းတိုင်းသည် နောင်အနာဂတ်တွင်လည်း အောင်ပွဲပေါင်းများစွာကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း . . .

အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသမဟာထေရ်၏ သက်တော် ၈၀ ပြည့်မွေးနေ့(ပတ္တမြားရတု) အထိမ်းအမှတ်ကုသိုလ်တော်ပွဲ အခမ်းအနားကျင်းပ



မန္တလေး နိုဝင်ဘာ ၁၉

ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက (တွဲဖက်ရွှေကျင်သာသနာပိုင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသမဟာထေရ်၏ သက်တော် ၈၀ ပြည့်မွေးနေ့(ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့ နယ် အဝေရာရာမရန်ကင်းကျောင်းတိုက်ရှိ မဟာအတုလဂုဏ်ရည် မန်းရွှေလီကျောင်းတော်ကြီးတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒိ စရိယ သီတဂူကမ္မာဇုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိ သာသနအမှူးပြုသော နိုင်ငံတော်ဩဝါဒိစရိယဆရာတော်ကြီးများ၊ ရွှေကျင် နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက် ရွှေကျင်သာသနာပိုင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တပည့်သာဝက၊ ဒါယကာ၊ ဒါယိကာမများ၊ ဆွေတော်မျိုးတော်များ၊ အလှူရှင်များ၊ ဝတ်အသင်းများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ဧည့်ပရိသတ်အပေါင်းတို့က သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဝိဇ္ဇာလင်္ကာရဆရာတော်ဘဒ္ဒန္တကောသလ္လတို့ထံမှ ဩဝါဒကထာနှင့် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသထံမှ သာရဏီယ ဩဝါဒကထာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် အဝေရာရာမရန်ကင်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသမဟာထေရ်၏ သက်တော် ၈၀ ပြည့်မွေးနေ့(ပတ္တမြားရတု) အထိမ်းအမှတ် ကုသိုလ်တော်ပွဲနှင့် ကျောင်းတိုက် သာသနာပြု ၂၅ နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ကုသိုလ်ပွဲနှင့်စပ်လျဉ်း၍ သာသနာပြုဥပတ္ထမ္ဘကအဖွဲ့၏ လျှောက်ထားလွှာကို အဝေရာရာမကျောင်းတိုက်နာယက စာချသာသနဓဇမဟာစရိယ ဘီ-အေ အရှင်သက္ကာစာရက လျှောက်ထားသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရ အမှူးပြုပြီး နိုင်ငံတော်ဩဝါဒိစရိယ ဆရာတော်ကြီးများ၊ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ ပတ္တမြားရတု ကျင်းပပူဇော်ရေးအဖွဲ့မှ တာဝန်ရှိသူထံ နဝကမ္မအလှူတော်ငွေများကို လှူဒါန်းကြသည်။

ဆက်လက်၍ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိသရထံမှ အနုမောဒနာဩဝါဒကထာကို နာယူကြည်ညိုကာ ရေစက်သွန်းချအမျှပေးဝေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၂၀ မှအဆက်

မှန်သမျှကို ကျော်လွှားနိုင်ရန် အထောက်အကူပြုခဲ့သည်။

ယခုနှစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ထူးချွန်သည့် ရမှတ်ကောင်းများကို ပိုင်ဆိုင်ထားနိုင်ခဲ့ပြီဖြစ်သည်။ ဒိုင်လူကြီးများနှင့် အခြားနိုင်ငံများမှ အသင်းများ၏ အထူးအာရုံစိုက်မှုကိုခံရသည်အထိ တိကျသေချာလှသော ပစ်ခတ်မှုစွမ်းရည်များကို ပြသနိုင်ခဲ့ရာ ဤအောင်မြင်မှုရမှတ်များသည် မြန်မာ့တပ်မတော်၏ စစ်ရေးစွမ်းရည် ပြည့်ဝမှုကို တစ်ဖန် သက်သေပြဆိုနေခြင်းပင်ဖြစ်ပေသည်။

ယခုကဲ့သို့ AARM ပြိုင်ပွဲများတွင် ရရှိခဲ့သောအောင်မြင်မှုများနှင့် အတွေ့အကြုံကောင်းများသည် နောင်လာမည့်မျိုးဆက် သစ်တပ်မတော်သားများအတွက် ကြီးမားသော စံနမူနာကောင်းများ ဖြစ်လာပေမည်။ တပ်မတော်အတွင်းရှိ မျိုးဆက်သစ်စစ်သည်များသည် အောင်ပွဲများကို အတုယူကာ မိမိတို့၏စွမ်းရည်များကို ဆက်လက်မြှင့်တင်သွားကြမည်မှာ မုချပင်ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သော နောင်တော်စစ်သည်များ၏ လမ်းညွှန်မှုနှင့်အတူ နောင်လာမည့်အသင်းသားများ ကလည်း အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသွားကြမည် ဖြစ်သည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း၏ ရွှေရောင်သဓိုင်းကြောင်းမှာ အစဉ်ထာဝရ ဆက်လက် ရှင်သန်နေမည်ဖြစ်သည်။

ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု

ပြိုင်ပွဲအတွင်း တစ်သင်းနှင့်တစ်သင်း ကျားကုတ်ကျားခဲ ဖွဲ့နပဲဖြင့် အလျှော့မပေးစတမ်း ယှဉ်ပြိုင်ကြသကဲ့သို့ ပြိုင်ပွဲပြင်ပတွင်လည်း မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိသည်။ နိုင်ငံအသီးသီးမှ စစ်ဘက်ဆိုင်ရာကိုယ်စားလှယ်များနှင့် အတွေ့အကြုံချင်း ဖလှယ်ဆွေးနွေးခြင်းများက အပြန်အလှန်နားလည်မှုကို ပိုမိုတိုးပွားစေခဲ့သည်။ ဤသို့သောခင်မင်ရင်းနှီးမှုလုပ်ငန်းစဉ်များသည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုလျက်ရှိသည်။

AARM ပြိုင်ပွဲကြီးသည် အာဆီယံနိုင်ငံများ၏တပ်မတော်များအချင်းချင်း ယုံကြည်မှုပိုမိုခိုင်မာစေရန် အကောင်းဆုံးသော အခွင့်အလမ်းကောင်းတစ်ခုကို ဖန်တီးပေးထားသည်။ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ၎င်းအခွင့်အလမ်းကို အကောင်းဆုံးအသုံးချကာ ချစ်ကြည်ရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်နိုင်ခဲ့ကြသည်။ အခြားနိုင်ငံတပ်မတော်များနှင့် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်နိုင်ခြင်းက ဒေသတွင်း တည်ငြိမ်ရေးအတွက် ကြီးမားသော အကျိုးကျေးဇူးများကို ဖြစ်ထွန်းစေမည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတကာပြိုင်ပွဲကြီးများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ရရှိလာသောအောင်မြင်မှုသည် ဆုတံဆိပ်များထက်ပင် ပို၍ ခမ်းနားလေးနက်လှသည်။ အာဆီယံတပ်မတော်များအကြား ထာဝရခိုင်မြဲမည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုဆိုသည့် အဖိုးတန်လက်ဆောင်မွန်ကို အမိနိုင်ငံတော်အတွက် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်သည်။ မတူကွဲပြားသော နိုင်ငံများမှ စစ်ဃည်တော်များသည် ဤပြိုင်ပွဲကြီးမှတစ်ဆင့် ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေကောင်းများ ဖြစ်လာကြသည်။ ဤသည်ပင်လျှင် အာဆီယံအသိုက်အဝန်းတစ်ခုလုံးအတွက် အကြီးမားဆုံးသော အောင်မြင်မှုနှင့် ဂုဏ်ယူစရာရလဒ်ကောင်းတစ်ခုပဟုဆိုရပါမည်။

စစ်ဘက်ဆိုင်ရာ အားကစားပြိုင်ပွဲများသည် နိုင်ငံအသီးသီးမှ တပ်မတော်များကို အပြန်အလှန်နားလည်မှုကို တည်ဆောက်ပေးသည့် မဏ္ဍိုင်ကြီးတစ်ခုဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် အာဆီယံဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အစဉ်အမြဲထိန်းသိမ်းရန် ခိုင်မာသော ဆန္ဒရှိပါကြောင်း ဤပြိုင်ပွဲမှတစ်ဆင့် ထပ်လောင်းပြသနိုင်ခဲ့သည်။ မိတ်ဖက်နိုင်ငံများနှင့်လက်တွဲ၍ ဒေသတွင်းတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ဤကဲ့သို့သော ချစ်ကြည်ရေးလုပ်ငန်းစဉ်များက အထောက်အကူပြုနေမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ယခုကျင်းပပြီးစီးခဲ့သော ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ပြိုင်ပွဲဝင်အသင်းကောင်းတစ်သင်းအဖြစ် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ဒြပ်ကို ဖော်ညွှန်းပြသနိုင်ခဲ့ပြီဖြစ်သည်။ အသင်းသားများ၏ မဆုတ်မနစ်သောဇွဲလုံ့လ၊ ခိုင်မာသည့် စည်းလုံးညီညွတ်မှုနှင့် နိုင်ငံချစ်စိတ်တို့က မြန်မာ့တပ်မတော်၏ ဂုဏ်သိက္ခာကို နိုင်ငံတကာအလယ်တွင် ထွန်းလင်း တောက်ပစေခဲ့ပြီဖြစ်သည်။ မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း၏ ခြေလှမ်းတိုင်းသည် နောင်အနာဂတ်တွင်လည်း အောင်ပွဲပေါင်းများစွာကို ဆက်လက်ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ရဲခေါင်

ထူးခြားသည့် နေ့အပူချိန်များ

(၁၉ - ၁၁ - ၂၀၂၆)

ဘီးလင်း	၃၆	ဒသမ	၅	ဒီဂရီဆဲလ်စီးယပ်		မုဒုံ	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်
ထားဝယ်	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်		မြဝတီ	၃၅	ဒသမ	၄	ဒီဂရီဆဲလ်စီးယပ်
ဘားအံ	၃၆	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်		ကော့ကရိတ်	၃၅	ဒသမ	၂	ဒီဂရီဆဲလ်စီးယပ်
သထုံ	၃၅	ဒသမ	၇	ဒီဂရီဆဲလ်စီးယပ်		ခရမ်း	၃၅	ဒသမ	၀	ဒီဂရီဆဲလ်စီးယပ်
မော်လမြိုင်	၃၅	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်		ပဲခူး	၃၄	ဒသမ	၆	ဒီဂရီဆဲလ်စီးယပ်

သစ်တောမှုန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

ReCAAP ISC ၏ Cluster Meeting-2026 အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ReCAAP ISC ၏ Cluster Meeting–2026 အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ Park Royal Hotel ၌ကျင်းပရာ အစည်းအဝေးသို့ ReCAAP Information Sharing Center(ISC)မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူနိုင်ငံများအဖြစ် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကိုယ်စားလှယ်များ၊ တပ်မတော်(ရေ)နှင့် မြန်မာနိုင်ငံရေကြောင်းအဖွဲ့အစည်း ၁၉ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ReCAAP ISC ၏ Cluster Meeting–2026 အစည်းအဝေးတက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

ဦးစွာ ReCAAP ISC ၏ မြန်မာနိုင်ငံဆိုင်ရာ Governor က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ReCAAP Information Sharing Center (ISC)၏ အမှုဆောင်ဒါရိုက်တာ Vijay D Chafekarက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာသူကိုယ်စားလှယ်များက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ထို့နောက်အစည်းအဝေးကိုဆက်လက်ကျင်းပရာ ဒေသတွင်းရေလက်ကြားရေလမ်းကြောင်းများတွင် ပင်လယ်ဓားပြ မှုနှင့် လက်နက်ကိုင်လုယက်မှုဖြစ်စဉ်များ ဖြစ်ပွားနေမှုနှင့်ပတ်သက်၍ နိုင်ငံအလိုက် ဆွေးနွေးတင်ပြကြပြီး ဒေသတွင်းလက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့်အခြေအနေ၊ သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ကြမည့်နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့လိုက်ဆွေးနွေးချက်များအပေါ် ReCAAP Information Sharing Center(ISC)၏ အမှုဆောင်ဒါရိုက်တာက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်တို့ရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ




တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ လမ်းပြကြယ်စင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ သဇင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် စွမ်းပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း (သကြားဟင်းအိုး)တို့မှ ကျောင်းသား၊ ကျောင်းသူများသည် ဆရာ၊ ဆရာမများနှင့်အတူ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များကို လည်းကောင်း၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို လည်းကောင်း စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း)ပြခန်းဆောင်တွင်ခေတ်အဆက်ဆက်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ယင်းနောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကိုစိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။





ယခုကဲ့သို့ လေ့လာရေးအစီအစဉ်များကို ကျောင်းသားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေပြီး သင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်လာခဲ့မှုအခြေအနေများကို သိရှိစေရန်၊ မျက်မှောက်ကာလတွင် ဖွံ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်းလုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများကို သိရှိစေရန်နှင့် အနာဂတ်ကာလများတွင် နိုင်ငံတော်ကိုဦးဆောင်ကြမည့် မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းဆိုင်ရာအချက်အလက်များကို လေ့လာသိရှိထားခြင်းအားဖြင့် အနာဂတ်ဘဝ လျှောက်လှမ်းမှုကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

“သားတို့အနေနဲ့ တပ်မတော် စစ်သမိုင်းပြတိုက်ကို လေ့လာခွင့်ရတဲ့အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ သားတို့ အခု စစ်သမိုင်းပြတိုက်ရဲ့(ကြည်း၊ ရေ၊ လေ)ပြခန်းများနဲ့ ပြင်ပပြကွက်များကို လေ့လာခဲ့ပြီးပါပြီ။ သားတို့အနေနဲ့ ကျောင်းမှာ သမိုင်းဘာသာရပ်တွေကို စာတွေ့အဖြစ် ပဲသင်ယူခဲ့ရပါတယ်။ အခုလို စာတွေ့လက်တွေ့ ပေါင်းစပ်လေ့လာခွင့်ရရှိတဲ့အတွက် နိုင်ငံတော်ရဲ့သမိုင်းကြောင်းဟာ ရှေးယခင်ကတည်းက အခိုင်အမာတည်ရှိခဲ့တယ်ဆိုတာကို သိမြင်ခဲ့ရပါတယ်။ နိုင်ငံတစ်ခုတိုးတက်ဖို့ဆိုတာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ ကာကွယ်ရေးစွမ်းအားတွေ ဘက်စုံဟန်ချက်ညီနေမှရမယ်ဆိုတာ လေ့လာခဲ့ရပါတယ်။ တပ်မတော်အတွင်းမှာ အသုံးပြုတဲ့ တိုက်လေယာဉ်တွေ၊ သင်္ဘောတွေ၊ လက်နက်တွေကို လက်တွေ့ကျကျတွေ့မြင်ခွင့်ရရှိခဲ့ပါတယ်။ အခုလို လေ့လာခွင့်ရရှိအောင်စီမံပေးတဲ့ နိုင်ငံတော်သမ္မတကြီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ”ဟု ပြောသည်။

“သမီးတို့ အခု ပြခန်းတွေအားလုံးကို လေ့လာခဲ့ပြီးဖြစ်ပါတယ်။ သမီးတို့ကျောင်းမှာ သင်ခဲ့ရတဲ့စာတွေ့တွေအတိုင်း သမိုင်းထဲကအဖြစ်အပျက်တွေမှာ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေကို လေ့လာခွင့်ရရှိခဲ့ပါတယ်။ နိုင်ငံတော်စည်းလုံးညီညွတ်ချိန်တွေမှာ နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်ပြီး သာယာခဲ့တယ်ဆိုတာကို ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့က အထင်အရှားပြဆိုထားကြောင်း လေ့လာသိရှိရပါတယ်။ ဒါပေမဲ့လဲ နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုမရှိတဲ့အချိန်မှာ ပြည်ပကျူးကျော်စစ်တွေဝင်ရောက်ပြီး နိုင်ငံတော်ဟာ တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရတယ်ဆိုတာကိုလဲလေ့လာသိရှိခဲ့ရပါတယ်။ ရှေးယခင်ကတည်းက တည်ဆောက်လာတဲ့ တပ်မတော်ဟာ ယနေ့ခေတ်ကာလမှာ စွမ်းအားမြင့်လက်နက်တွေကို ပိုင်ဆိုင်ပြီး ဆောင်ရွက်နေတာကိုလဲလေ့လာသိရှိရပါတယ်။ စစ်သမိုင်းပြတိုက်ကိုလေ့လာရခြင်းဖြင့် သမီးတို့မသိတာတွေကို ပိုပြီး သိမြင်ခွင့်ရတဲ့အတွက်၊ များစွာသောဗဟုသုတတွေကို ရရှိစေတဲ့အတွက် မရောက်ဖူးသေးတဲ့ သူငယ်ချင်းများကိုလဲ လာရောက်လေ့လာဖို့ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။ (၅၀၁)

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့် သတင်းထုတ်ပြန်ချက် (၁၂/၂၀၂၆) ထုတ်ပြန်

၁။ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကလေးများနေ့သည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (Convention on the Rights of the Child – CRC) ကို အတည်ပြုခဲ့သည့် ၃၇ နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ ကလေးတိုင်း၏အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းကို ပြန်လည်သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါသည်။

၂။ ယခုနှစ် ကမ္ဘာ့ကလေးများနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "My Day, My Rights, My Future"သည် ကလေးများ၏ နေ့စဉ်ဘဝ၊ ၎င်းတို့ရရှိခံစားခွင့်ရှိသည့် အခွင့်အရေးများနှင့် အနာဂတ်မျှော်မှန်းချက်များကြား ဆက်စပ်မှုကို ထင်ဟပ်ဖော်ပြထားခြင်းဖြစ်ပါသည်။ ကလေးများသည် အနာဂတ်၏ခေါင်းဆောင်များသာမကယနေ့လူ့အဖွဲ့အစည်း၏ အရေးပါသူများလည်းဖြစ်ကြသဖြင့် ကလေးများ၏ အသံ၊ အမြင်နှင့်ဆန္ဒများကို နားထောင်ပေးရန်နှင့် ၎င်းတို့၏ဘဝနှင့်အနာဂတ်ကို သက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ခွင့်ပေးရန် အရေးကြီးပါသည်။

၃။ ကမ္ဘာတစ်ဝန်းရှိ ကလေးများစွာသည် ဆင်းရဲမှု၊ အာဟာရချို့တဲ့မှု၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီမှု၊ အကြမ်းဖက်ခံရမှု၊ ခေါင်းပုံဖြတ်ခံရမှု၊ လူကုန်ကူးခံရမှု၊ ကလေးအလုပ်သမားခိုင်းစေမှုနှင့် လျစ်လျူရှုခံရမှု စသည့်အခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည့်အပြင် ဒီဂျစ်တယ်နည်းပညာများကို တလွဲအသုံးချမှုများကြောင့် ကလေးများသည် အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်ခံရခြင်း၊ လိမ်လည်လှည့်ဖြားခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရခြင်း စသည့်အန္တရာယ်များနှင့်လည်း ရင်ဆိုင်နေကြရပါသည်။

၄။ သို့ဖြစ်ရာ ကလေးများအပေါ် အခွင့်အရေးချိုးဖောက်မှုများမှ ကြိုတင်ကာကွယ်ရန်၊ ထိခိုက်လွယ်သော အခြေအနေတွင်ရှိသည့် ကလေးများ၏ လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းပေးရန်နှင့် ထိခိုက်နစ်နာသည့် ကလေးများအတွက် သင့်လျော်သောကာကွယ်စောင့်ရှောက်မှုနှင့် ကုစားဖြေရှင်းမှုများရရှိစေရန် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

၅။ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ကလေးများ၏ အခွင့်အရေးများကို လေးစားကာကွယ် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့်လည်း ကော်မရှင်ဥပဒေနှင့်အညီ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်လျက်ရှိရာတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်လိုက်နာစေရေး တိုက်တွန်းအကြံပြုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၆။ နိုင်ငံ၏အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကလေးတိုင်း၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် အကောင်းဆုံးအကျိုးစီးပွားကို အလေးထားလျက် လုံခြုံမှုရှိပြီး ခွဲခြားဆက်ဆံမှုကင်းသော ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးပေးနိုင်ရေးအတွက် မိဘ၊ အုပ်ထိန်းသူ၊ သက်ဆိုင်ရာဌာနများ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါရန် ကမ္ဘာ့ကလေးများနေ့ကို ဂုဏ်ပြုလျက် ကော်မရှင်က အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်

၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်း ရွှေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့



စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းကို နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

မလေးရှားနိုင်ငံ မလက္ကာမြို့တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကျင်းပခဲ့သည့် ၃၄ ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ (34th ASEAN Armies Rifle Meet–34th AARM)ကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းသည် ယနေ့ညဉ့်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၅၅ ဦးတို့ ပါဝင်ခဲ့ကြပြီး ရိုင်ဖယ်အသင်း၊ ကာဘိုင်အသင်း၊ စက်သေနတ်အသင်း၊ ပစ္စတို အမျိုးသားအသင်းနှင့် ပစ္စတို အမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု၊ တစ်ဦးချင်းပစ်ခတ်စဉ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု စုစုပေါင်း ရွှေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၄)နေရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့်အဖွဲ့ဝင်များက မိုင်းပျဉ်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်း ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း
တစ်ပိသာလျှင် ၇၃၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၉

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ၇၃၇၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

✱ တိုက်ခိုက်သိမ်းပိုက်မှ

လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ စနစ်တကျ ဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ထီးကလာချောင်းအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်းနှစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ထီးချောင်းအနီး KNLA တပ်မဟာ(၁)၊ ရင်း(၃) အပါအဝင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်းနှစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော့ကလောချောင်းအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်းနှစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ရွာအနီးတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့်စခန်း တစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၆ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့ဘက်နှင့် အရှေ့တောင်ဘက်ရှိ နတ်စင်ရွာနှင့် ကျောက်ဖျာရွာအနီး တစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း သုံးခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် သိမ်ဇရပ်မြို့၏ အရှေ့တောင်ဘက် ချောင်းစောက်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခိုအောင်းဆေးကုသနေသည့် နေရာ တစ်ခုကိုလည်းကောင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် အကြမ်းဖက် သောင်းကျန်းသူများက အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန် လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာ ကိုလည်းကောင်း အသီးသီးသိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ဦးတည်ရာမဲ့ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးရာနောက်သို့ အောင်မြေခဲ့ထက်ကြပ်လိုက်လံ ချေမှုန်းတိုက်ခိုက်ခဲ့ရာ နိုဝင်ဘာ ၁၉ ရက် ယနေ့တွင် ချောင်းစောက်ရွာအနီးဝန်းကျင်တစ်ဝိုက်၌ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်းသုံးခုကို ထပ်မံ၍တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများကို တိုက်ခိုက်သိမ်းပိုက်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ထိတွေ့တိုက်ပွဲ ၁၃ ကြိမ် ဖြစ်ပွားခဲ့ပြီး KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ စခန်း ၁၇ ခု တို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ စာမျက်နှာ ၂၅ သို့










တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။






အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများ၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။






တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းများ၊ ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၄ မှအဆက်

အကြမ်းဖက်ခေါင်းဆောင် နှစ်ဦးအပါအဝင် အလောင်း ခုနစ်လောင်း၊ လက်နက်မျိုးစုံ ၃၇ လက်၊ ကျည်မျိုးစုံ ၈၃၄၅ တောင့်၊ ကျည်အိမ်မျိုးစုံ ၆၃ ခု၊ ဗုံးသီးမျိုးစုံ ၃၆၃ လုံး၊ မိုင်းမျိုးစုံ ၁၁၃ လုံး၊ ဆက်စပ်ပစ္စည်းမျိုးစုံ ၂၁၅၈ ခု၊ 4 x 4 မော်တော်ယာဉ် နှစ်စီး၊ ဒေသန္တရလုပ် မော်တော်ယာဉ် တစ်စီး၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ဦးထုပ်များ၊ လူနေတဲများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းအများအပြား ထပ်မံသိမ်းဆည်းရမိခဲ့ပြီး တပ်မတော်စစ်ကြောင်းများ၏ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဟူသည့် ဆောင်ပုဒ်နှင့်အညီ စွန့်လွှတ်စွန့်စားစွာ ဟန်ချက်ညီညီ ချေမှုန်းတိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများက အဆိုပါ ကျူးကျော်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုခိုအောင်းနေထိုင်ရာနေရာများကို တိုက်ခိုက်ချေမှုန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် နိုဝင်ဘာ ၃ ရက်မှ ယနေ့ထိ အကြမ်းဖက်သောင်းကျန်းသူများနှင့် စုစုပေါင်း တိုက်ပွဲကြီး၊ ငယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး **စာမျက်နှာ ၂၆ သို့**





အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများ။




အကြမ်းဖက်သောင်းကျန်းသူများ၏ ခိုအောင်းဆေးကုသနေသည့်နေရာမှ သိမ်းပိုက်ရရှိသည့် ဆေးဝါးများနှင့် ဆေးပစ္စည်းများ။




အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ခိုအောင်းဆေးကုသနေသည့်နေရာနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗုံးသီးများ၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။






အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် Drone များ၊ ကျည်ကာအင်္ကျီ၊ ကျည်ကာဦးထုပ်များနှင့် အခြားပစ္စည်းများ။







တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများအား သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် အတင်းအဓမ္မဝင်ရောက်၍ စစ်စခန်းအဖြစ် အသုံးပြုကာ အဓိကအခြေပြုနေသည့် ချောင်းစောက်ရွာကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်မှု မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၅ မှအဆက်

CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် KNU၊ KNLA စခန်း ၂၈ ခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ အကြမ်းဖက်ခေါင်းဆောင် နှစ်ဦး အပါအဝင် အလောင်း ခုနစ်လောင်း၊ လက်နက်မျိုးစုံ ၁၃၄ လက်၊ ကျည်မျိုးစုံ ၁၃၇၁၉ တောင့်၊ မိုင်းမျိုးစုံ၊ ဗုံးသီး အမြောက်အမြားနှင့် အခြားဆက်စပ် ပစ္စည်းပေါင်းများစွာ







အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် အကြမ်းဖက်မှုလုပ်ဆောင်ရာတွင် အသုံးပြုသည့်ကားများနှင့် ဒေသန္တရလုပ်ကားကို တွေ့ရစဉ်။




















တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

သိမ်းဆည်းရမိခဲ့သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူပူးပေါင်း အဖွဲ့များအနေဖြင့် မွန်ပြည်နယ် သိမ်ဇရပ်–ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်း ဒေသကြီးနယ်မြေအစပ်တို့ရှိ သွားလာရေး ခက်ခဲသော တောတောင်များအတွင်း ယာယီအခြေပြုခိုအောင်းနေထိုင်၍ တရား ဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် အသုံးပြုမည့် လက်နက်၊ ခဲယမ်းများနှင့်ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းပြီး လက်နက်အားကိုးဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများတည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ရဟန်းသံဃာများ၊ ဒေသခံပြည်သူများနှင့် သစ္စာရှိနိုင်ငံဝန်ထမ်းများကို ဒဏ်ခေါင်းစဉ်တပ်ကာ ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ်များကို ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများကို မိုင်းထောင်ခြင်း၊ လမ်းတံတားများကို ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့်ဒေသတွင်မျှ အခြေချခိုအောင်းနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

မြစ်ကြီးနားမြို့၊ ဒလမြို့နယ်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား အဆိုပါမြို့ရှိ အေးစေတီကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နှင့် ပတ်ဝန်းကျင် ရပ်ကွက်များရှိ သံဃာတော် ၁၁ ပါး၊ ဒေသခံပြည်သူ ၁၃၂ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ အောင်တော်မူကျောင်းတိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(၅၀၁)

ကလောမြို့တွင် ငွေကျပ် ၁၂၇ သိန်း ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ် ၁ သိန်း ၅၃ သိန်း ၆ သိန်းတန်ဖိုး၊ ဝေါမြို့နယ်တွင် ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးနှင့် ဒေါပုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅၃ သိန်း



ချမ်းဟူ၊ ဒေါ်မိုင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ကျော်ဝင်း ခေါ် ကျော်ဝင်းချေ၊ ထွန်းချေ ခေါ် ဒေါင်းချေ၊ မောင်အေးထွန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၁

ကလောမြို့တွင် ငွေကျပ် ၁၂၇ ဒသမ ၆ သိန်းတန်ဖိုး၊ဝေါမြို့နယ်တွင် ငွေကျပ် သိန်း ၃၄၈၀ တန်ဖိုး၊ ဒေါပုံမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅၃ ဘီလီယံတန်ဖိုးရှိ ဘိန်းစိမ်းများ၊ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ ကလောမြို့ ကလောဘူတာ၌ မိုးညှင်းမြို့နယ် ဘုံချောင်းရွာနေ သန်းထွန်း ၅၀ နှစ်၊ ချမ်းမြသာစည်မြို့နယ် သံလျက်မှော်တောင်ရပ်ကွက်နေ မခိုင်ခိုင်မော် ၅၃ နှစ်တို့ နှစ်ဦး သယ်ဆောင်လာသည့် လက်ဆွဲခြင်းများတွင်းမှ ဘိန်းစိမ်း ၃၁ ဒသမ ၉ ကီလို (တစ်ကီလိုလျှင်ငွေကျပ် လေးသိန်းနှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၁၂၇ ဒသမ ၆ သိန်း) ဖမ်းဆီးရမိသဖြင့် သန်းထွန်းနှင့် မခိုင်ခိုင်မော်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် သတင်းအရ ဝေါမြို့နယ် ညောင်ခါးရွာအနီး၌ ခိုလှုံမြို့ ရပ်ကွက်(ဖ)နေသူများဖြစ်သည့် ချမ်းဟူ ၃၈ နှစ် မောင်းနှင်ပြီး ဒေါ်မိုင် ၄၇ နှစ် လိုက်ပါလာသော TOYOTA HILUX အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွဆေးပြား ၂၀၈၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ်သိန်း ၃၁၂၀)နှင့် ဘိန်းဖြူ ၁ ဒသမ ၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ်သိန်း ၅၆၀) ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးချက်အရ ယင်းနေ့ညနေ ၄ နာရီတွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ ခိုလှုံမြို့နယ် ၂၆ မိုင်ကျေးရွာရှိ ချောက်ကွမ် ခေါ် ငွမ်ချောင် ၃၀ နှစ်၏ နေအိမ်မှ မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် အသုံးပြုသည့် TOYOTA HILUX ယာဉ် တစ်စီးနှင့် SURF ယာဉ် တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် မိုင်းယောင်းမြို့အနီးတွင် ချောက်ကွမ် ခေါ် ငွမ်ချောင်ကို HILUX REVO ယာဉ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ချမ်းဟူ၊ ဒေါ်မိုင်နှင့် ချောက်ကွမ် ခေါ် ငွမ်ချောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထို့သို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထို့ကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "အဂ္ဂမဟာစက္ကဝတ္တိအညတြရာဇာ" Tik-tok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်း ဒေသကြီး ပန်းတောင်းမြို့နယ် မြစ်ကိုင်းကျေးရွာနေ သူရိန်ဝင်း ခေါ် ရာဇာကို မွန်းလွဲ ၂ နာရီခွဲတွင် ပန်းတောင်းမြို့မရဲစခန်းက (ပ)၅၀/၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Ko Mya" Face-book အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပန်းလှိုင်အိမ်ရာနေ မြတ်စိုးကို မွန်းတည့် ၁၂ နာရီတွင် လက်ပံတန်းမြို့မရဲစခန်းက (ပ)၁၆၄/၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်း ရရှိသည်။

(၅၀၁)

◆ ဘော်လီဘောပြိုင်ပွဲမှ

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အရာထမ်း၊အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသမီး ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသား ဗိုလ်လုပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိဗိုလ်စွဲခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအမျိုးသမီးစပေးဘော ဆုရရှိသော ကျောနံပါတ်(၄) အားကစားရေးရာဝန်ကြီးဌာနမှ မယုနန္ဒာ၊ အကောင်းဆုံးအမျိုးသမီး ခုခံဆယ်မဆုရရှိသော ကျောနံပါတ်(၆) ကာကွယ်ရေးဝန်ကြီးဌာနမှ မစံပယ်တင်၊ အကောင်းဆုံးအမျိုးသမီး ပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မနန်းမဉ္ဇူသကလှိုင်၊ အကောင်းဆုံးအမျိုးသမီး ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၇) ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ မသူဇာအောင်၊ အကောင်းဆုံးအမျိုးသမီး ပိတ်ဆို့ဆုရရှိသော ကျောနံပါတ်(၁၄) ပြည်ထဲရေးဝန်ကြီးဌာနမှ မနောမလေး၊ အကောင်းဆုံးအမျိုးသား စပေးဘောဆုရရှိသော ကျောနံပါတ်(၁) ပြည်ထဲရေးဝန်ကြီးဌာနမှ မောင်နေလင်းအောင်၊ အကောင်းဆုံးအမျိုးသား ခုခံဆယ်မဆုရရှိသော ကျောနံပါတ်(၁၂) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ခိုင်မင်း၊ အကောင်းဆုံးအမျိုးသား ပင့်ထောင်ဆုရရှိသော ကျောနံပါတ်(၃၀) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်စံညွန့်မောင်၊ အကောင်းဆုံးအမျိုးသား ရိုက်ခုတ်ဆုရရှိသော ကျောနံပါတ်(၁၄) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ကြယ်စင်ဖြိုး၊ အကောင်းဆုံးအမျိုးသား ပိတ်ဆို့ဆုရရှိသော ကျောနံပါတ် (၉) အားကစားရေးရာဝန်ကြီးဌာနမှ မောင်ရဲလင်းအောင်တို့ကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရရှိသော ကျောနံပါတ်(၁၁) ကာကွယ်ရေးဝန်ကြီးဌာနမှ မခင်ချိုထက်နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအမျိုးသား အားကစားသမားဆုရရှိသော ကျောနံပါတ်(၈) ကာကွယ်ရေးဝန်ကြီးဌာနမှ မောင်ရှိန်းသူအောင်တို့ကို ဆုဖလားနှင့် ငွေသားဆုတို့ကို ပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းက လည်းကောင်း၊ စတုတ္ထဆုရရှိသော ပညာရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း၊ တတိယဆုရရှိသော အားကစားရေးရာဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ကလည်း



ကောင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာန အမျိုးသားအသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့်အတူ ငွေသားဆုများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကလည်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးအသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကလည်းကောင်း၊ ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသားအသင်းကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က လည်းကောင်း ပေးအပ်ချီးမြှင့်ကြကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၇၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံ တစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်အဆောက်အအုံ ၆၃ လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးကိုလည်း စနစ်တကျဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံကို စနစ်တကျဖြိုချဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ် အဆောက်အအုံကို ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု တွေ့ရစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(male)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်ဆေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်ဆေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (**www.myawady.net.mm/nurse(female)**)တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျဉ်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady.net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲခန်းနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ) B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ) (ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED



- စာရင်းရှင်အပ်ငွေစာရင်း
- အချိန်ပိုင်းအပ်ငွေစာရင်း
- ငွေစုဘဏ်အပ်ငွေစာရင်း
- ပြည်တွင်းငွေလွှဲလုပ်ငန်း
- ချေးငွေများထုတ်ချေးခြင်း
- ငွေပေးအမိန့်လွှာလုပ်ငန်း
- နိုင်ငံခြားဘဏ်လုပ်ငန်း
- အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
- ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း

အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂၄၀၃၆၅၇၇၊ ၄၂၄၅၅၉၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂိဝါရပ်ကွက်နေ မောင်ဝေယံမောင်၏ ဖခင်အမည်မှာ **ဦးဟာသဒိုက်လီနှင့် ဦးဟာဇရပ်လီ** တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဟာသဒိုက်လီ (ခ) ဦးဟာဇရပ်လီ
(၉/မရမ(နိုင်)၀၈၂၁၈၆)

ပျောက်ဆုံးကြောင်း

သီပေါမြို့၊ နမ့်လန်၊ ကုန်းညောင်နေ မစန်းချင်း (ဘ) ဦးအိုက်ရီ (၁၃/သပန(နိုင်)၀၂၂၀၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-695956927**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေမျိုးဆက်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တန်းတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ် (၀၀၂၄၈) မောင်မြမင်းသန့်ဇင်၏ ဖခင်အမည်မှန်မှာ **ဦးဇော်မင်းခိုင်** ဖြစ်ပါကြောင်း။

ဦးဇော်မင်းခိုင်(၅/၀လန(နိုင်)၁၀၆၄၆၀)

အမည်ပြောင်း

ပုသိမ်ကြီးမြို့နယ်၊ လက်ကောင်းကျေးရွာအထက(ခွဲ)၊ Grade-5(A)တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်သီဟ၏သား မောင်ရဲရင့်သွေးအား **မောင်ရဲရင့်ထွဋ်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်ထွဋ်

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်နေ ကိုကျော်ကျော်ထွေး (ဘ) ဦးထွန်းရှိန်(၉/စကတ(နိုင်)၀၆၄၄၂၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-152669)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-972769363**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အထက-ကျွန်းဖား၊ ဒွါဒသမတန်းတွင် ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်-၃၉၄၁ မစုပုံချစ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးလှဝင်း** ဖြစ်ပါကြောင်း။

ဦးလှဝင်း(၉/ကဆန(နိုင်)၀၉၉၄၈၉)

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နယ်၊ ဟသံကုန်းရပ်နေ မောင်မိုးဇော်အောင် (ဘ) ဦးအောင်ဝင်း(၇/ပခန(နိုင်)၃၁၃၁၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-042621)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-769781848**

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ ရပ်ကွက်(၁၂)နေ ထွန်းဝင်း (ဘ) ဦးကျိန်တုံးရင်(၁၃/လရန(နိုင်)၁၃၁၉၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-775914616**

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ ရပ်ကွက်(၁၂)နေ သက်နှင်းအေး (ဘ) ဦးရန်ရှင်းကွေ(၁၃/လရန(နိုင်)၁၈၁၂၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-775914616**

ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ ကိုတင်မျိုးမင်း (ဘ) ဦးတင်မောင်(၉/မနမ(နိုင်)၁၁၂၀၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-639294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-974448802**

သစ်တောမှုန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-စာ၀၃၃၄၄၇၊
၀၆၇-စာ၀၃၃၄၄၄
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော်ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့် အတူ စာမျက်နှာ ၁၈ ကော်လံ ၄ ☆

ဂါရဝပြုတွေ့ဆုံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်္ဂလားဒေ့ရှ်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘော အဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(B)၌ ကျင်းပသည်။

ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကစားနေမှုများကို စာမျက်နှာ ၂၈ ကော်လံ ၁ ◆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၉

မြန်မာ့အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးနှင့်မျိုးဆက်သစ်လှေလှော်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လှေလှော်ပြိုင်ပွဲကို စာမျက်နှာ ၁၆ ကော်လံ ၁ ❖



တပ်မတော်စစ်ကြောင်းများက မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး နယ်စပ်ဒေသတစ်ဝိုက်တွင် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ယာယီအခြေပြုစခန်းများကို ထပ်မံ၍ တိုက်ခိုက်သိမ်းပိုက်၊ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် စုစုပေါင်းစခန်း ၂၈ ခုကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့



နေပြည်တော် နိုဝင်ဘာ ၁၉

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့၏နယ်စပ်ဖြစ်သော ကျိုက်ထိုမြို့နယ်နှင့် ရွှေကျင်မြို့နယ်အတွင်း ခိုအောင်း၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီအခြေပြုခိုအောင်းနေထိုင်ရာ နေရာများကို တပ်မတော်စစ်ကြောင်းများက စနစ်တကျ ချီတက်တိုက်ခိုက် ချေမှုန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီးထီးကလာချောင်း ဝန်းကျင်တစ်ဝိုက်ရှိ CRPH၊ NUG အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနအပါအဝင် အကြမ်းဖက် သောင်းကျန်းသူများ၏ ယာယီအခြေပြုစခန်း ၁၁ ခုကို တိုက်ခိုက်သိမ်းပိုက်ပြီး လက်နက်၊ ခဲယမ်းအများအပြား သိမ်းဆည်းရရှိခဲ့သည့်သတင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခိုအောင်းနေထိုင်နိုင်မှုမရှိစေရေးအတွက် စာမျက်နှာ ၂၄ ကော်လံ ၁ ✱

တပ်မတော်စစ်ကြောင်းများက သိမ်ဇရပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အခြေပြုစခန်းများကို ထပ်မံ၍ သိမ်းပိုက်ရရှိမှုပြမြေပုံ။